ပဉ္စမအကြိမ်နှစ်ပတ်လည်ပူဇော်ပွဲ
(မိုးပြာခြံ၊ ရန်ကုန်)
၌

ဓမ္မဝိဟာရီအရှင်ဥဏ
ဟောကြားတော်မူဒါပ်သော

အဆုံးအမ တရားတော်

၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့
၂၀၀၆ ခုနှစ် နိုဝင်္ဘာလ ၄ ရက်နေ့

၁၃၆၈ခုနှစ်၊တန်ဆောင်မုန်းလပြည့်နေ့(၄-၁၁-၂၀၀၆)၌ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ မိုးပြာခြံတွင်၊ ဓမ္မဝိဟာရီဆရာတော်ရှင်ဥာဏအား ပဉ္စမအကြိမ်ပူဇော်ပွဲ၌ ဟောကြားတော်မူသော ဆရာတော်၏တရားတော်

အဲ...ပူဇော်ပွဲတွေလည်း ပြီးကြပြီဆိုတော့ အဲလိုပူဇော်ကြတဲ့ သူတွေကို ကျုပ်တို့တတွေကနေပြီးတော့ ဆုလာဘ်အဖြစ်နဲ့ စကားတခုပြောရမှာပေါ့၊ ပေးရမှာပေါ့။ ဆုလာဘ်အဖြစ်နဲ့ ဘာစကားကိုပေးရမလဲဆိုလို့ရှိယင် (အခုလို တရားစကား စကားပြောနေတုန်းမှာ စကားမပြောကြပါနဲ့နော်။ အဲ...စကားပြောတာဟာ နည်းနည်း...ဟိုဒင်းဖြစ်တာပေါ့။ တတ်နိုင်ရင် စကားပြောစရာရှိယင် အပြင်ဘက်ကိုသွားပြီး ပြောလိုက်ကြနော်။ အဲ...ပြောနေကြတုန်းဆိုတာကတော့ ဒါ ငြိမ်ငြိမ်လေး နားထောင်ပေးကြပါနော်၊ အဲလိုမျိုးလေး လုပ်ကြပါ။)

ဦးဇင်းတို့က ဝတ်ကျေဝတ်ကုံ စကားပြောမှာ မဟုတ်ပါဘူး။ ဒါ...ဝတ်ကျေဝတ်ကုံ စကားပြောတယ် ဆိုတာကတော့ ဦးဇင်းတို့ ခု စကားပြောတဲ့အချိန်မှာ တခြားစကားတွေပြောလည်း ပြောလို့ရပါတယ်။ ဝတ်ကျေဝတ်ကုံပြောတာ မဟုတ်ဘဲနဲ့ တကယ်နားထောင်စရာ စကားတခုခုပြောမယ်။ အဲဒါပဲ။ အဲလိုဖြစ်တဲ့အတွက် တကယ် နားထောင်စရာစကားတခုကို ပြောမှာဖြစ်တဲ့အတွက် တကယ်နားထောင်ပေးကြပါလို့ ဒီလိုပြောရမှာပေါ့နော်။ အဲ... တကယ် နားမထောင်တဲ့ပုဂ္ဂိုလ်၊ အပြင်ဘက်ထွက်နေကြ။ အဲလို အတွေးပေါ့နော်။ အဲဒီတော့ ဦးဇင်းတို့ ကိုယ်က စကားပြောစရာရှိယင် အပြင်ဘက်ထွက်နေ။ အဲဒီလို နေရအောင်နော။ ဘာလို့တုန်းဆိုတော့ တကယ်ပြောတဲ့ စကားကို နားမလည်လိုက်မှာ စိုးလို့ပါပဲ။

(ကိုယ်တိုင်ဖတ်ရှုလေ့လာ ကျင့်ပွားရန်၊ ဖြန့်ဝေရန်မဟုတ်)

တကယ်တော့ ကျုပ်တို့ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတွေဟာ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာရဲ့ ဓမ္မဝိဟာရီကို ခုလို ဓမ္မနဲ့ပူဇော်ကြတယ်လို့ ဆိုတဲ့အခါမှာ ဒီပူဇော်တာကို မှီပြီးသကာလ ခုလိုလမ်းကလေးပါ ဖြောင့်ပေးဖို့ ကိုယ်ကနေ လိုအပ်တယ်။ လမ်းလေးဘာလေး ဖြောင့်ပေးဖို့ လိုအပ်တယ် ဆိုတာက ကျုပ်တို့မှုကိုချည်း ပြောနေမှာမဟုတ်ဘူး။ မဟုတ်ကဟုတ်ကတွေလည်း ပြောနေမှာမဟုတ်ဘူး။ တကယ်လုပ်ဖြစ်မယ့်ဟာ တခုကိုပဲ မှူချပြီးတော့ ပြောပေးရမှာဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်တွေဟာ လွတ်လပ်ရမယ်

အဲလိုပြောပေးမှာဖြစ်တဲ့အတွက် ဘာလုပ်ရမှာလဲဆိုတော့ ကျုပ်တို့ ဗုဒ္ဓဘာသာတွေဟာ လွတ်လပ်ရမယ်။ ဒကာဒကာမတွေ ဘာပြောလိုက်သလဲ။ (လွတ်လပ်ရမယ်)။ လွတ်လပ်ရမယ်၊ ကျုပ်တို့ ဗုဒ္ဓဘာသာတွေဟာ၊ ကျုပ်တို့ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာဝင်ဆိုတဲ့ သူတွေဟာ လွတ်လပ်ရမယ်။ အဲလိုမျိုးလေးသာ ကျုပ်တို့ကပြောတာဗျာ။ အဲ... တကယ်လို့များ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာရယ်လို့ လုပ်နေပြီးနောက် လွတ်လပ်တယ်ဆိုတာကို မသိဘူးလို့ဆိုယင် အဲဒါကတော့ အလုပ်မဟုတ်ဘူးလို့ ဒီလိုပြောရမှာပေါ့နော်။

ကိုယ့်ကိုယ်ကို ကိုယ် လွတ်လပ်တယ်ဆိုတာ ဒါဖြင့် ဘယ်လိုပါလိမ့်လို့ မသိဘူးလို့ ဆိုလို့ရှိယင် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာ မဟုတ်ဘူး။ ဒါကြောင့်မို့လို့နော် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာပွဲကို စုဝေးလာကြတဲ့ သူတွေဟာ အဲ...တလုံးတည်း နားစိုက်ပြီးထောင်ပါ။ ကိုယ် လွတ်လပ်ရမယ်၊ အဲ.. ဒါလေးပါပဲဗျာ။ ဒီတော့ ဒကာ ဒကာမတို့ ဘာလုပ်ရမှာလဲ။ (လွတ်လပ်ရမယ်)။

လွတ်လပ်ရမယ်နော်။ ဘြော်...ဘာကြောင့် လွတ်လပ်ကြရမှာလဲ။ ဒါလေးလည်းပဲ တဆင့်တက်ပြီး မေးရမှာပေါ့။ ဟုတ်ပြီ။ လူ လွတ်လပ်ရမယ်လို့ ပြောတယ်။ အဲ...ဘာက လွတ်လပ်ရမှာလဲပေါ့။ ကိုယ်က သားသမီးဖြစ်ခဲ့လို့ရှိယင် အမေတို့အဖေတို့က ထိန်းချုပ်ထားတာက လွတ်လပ်ရမှာလား။ သို့မဟုတ်က အမေ၊အဖေဖြစ်ယင်လည်းပဲ ကိုယ့်သားသမီးတွေကို ကိုယ်ထိန်းသိမ်းပေးနေရရာက လွတ်လပ်ရမှာလား၊ အစရှိသဖြင့် လူတွေ လွတ်လပ်တာကတော့ အမျိုးမျိုး ရှိတာပေါ့နော်။

အဲဒီနေရာမှာ လွတ်လပ်ကို သေသေချာချာပြောမယ်။ တကယ်တော့ လွတ်လပ်တယ်လို့ဆိုတာ လူမှုဒုက္ခတွေက လွတ်လပ်တာကို ပြောတာ။ ပထမပြောခဲ့တဲ့ ကျုပ်တို့ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတွေဟာ လွတ်လပ်ရမယ်။ ဟုတ်ပြီ။ ဒုတိယ တခွန်းပြောပြီ။ ဘာပြောသလဲဆိုတော့ ဘာကလွတ်လပ်ရမှာလဲဆိုတော့ ဒုက္ခတွေက လွတ်လပ်ရမယ်လို့ ဒီလိုပြောမယ်နော်။ ဘာက လွတ်လပ်ရမယ်တဲ့လဲ။ (ဒုက္ခတွေက လွတ်လပ်ရမှာပါ)။

ဒုက္ခတွေက လွတ်လပ်ရမယ်။ ဟုတ်ပြီ။ဒုက္ခတွေက လွတ်လပ်ရမယ်ဆိုတော့ ဒုက္ခတွေက ဘယ်လိုဟာတွေတုန်း။ ဒီလိုပြောစရာရှိတာပေါ့နော်။ ဒုက္ခတွေက ပြောမယ်ဆိုယင်တော့ကာ ပိုက်ဆံပြည့်ပြည့်စုံစုံ သုံးစရာမရှိတာလည်း ဒုက္ခပဲဗျ။ အဲ...နာဖျားမကျန်းဖြစ်တယ် ဆိုတာလည်း ဒုက္ခပဲဗျ။ လူတွေ သိနေကြတယ်ပေါ့နော်။ အစစပေါ့။ ကိုယ်လိုချင်တာမဖြစ်ဘဲနဲ့ ကိုယ့်မှာ ဖြစ်နေရတာတွေက ကိုယ်မလိုချင်တာ

ဖြစ်နေယင်လည်း ဒုက္ခပဲလို့ ဒီလိုပြောရ မှာပေါ့နော်။ အဲလိုဆိုတော့ ဒုက္ခတွေက ဘယ်လိုဒုက္ခတွေလဲလို့တောင် မသိနိုင်ရအောင် ဖြစ်တယ် ဗျ။

ဒုက္ခပြောဖို့ ဘုရားပွင့်လာတာ

အဲဒီအခါမှာ ကျုပ်တို့ ဘုရားပွင့်လာတာဗျ။ ကျုပ်တို့ ဘုရားက ဘာကိုပြောဖို့ ပွင့်လာတာလဲဆိုယင် ဒုက္ခကိုပြောဖို့ ပွင့်လာတာပါ။ ကျုပ်တို့ဘုရား ဘာပြောဖို့ ပွင့်လာတာပါလိမ့်။ (ဒုက္ခကိုပြောဖို့ ပွင့်လာတာပါဘုရား)။ ဒုက္ခကိုပြောဖို့ ပွင့်လာတာ။ အခုနင်တုန်းက ပြောတဲ့ လွတ်လပ်ချင်တယ်လို့ ဆိုတဲ့ဟာကို လူတွေ သာမန်အားဖြင့် သိကြမယ်။ ဘာက လွတ်လပ်ရမလဲလို့ ဆိုတဲ့ဟာလည်းပဲ သာမန်အားဖြင့် လူတွေသိကြတာက လူမှုဒုက္ခက လွတ်လပ်ရမယ် ဆိုတာမျိုး ပေါ့နော်။ အဲ...အဲဒီဒုက္ခကျ မသိတော့ဘူးဗျ။ အဲဒီ ဒုက္ခကျတော့ ဘယ်ကနေ ဘယ်လို စပြောရမလဲဆိုတာ မသိကြတော့ဘူးဗျ။

အဲ...အဲဒါကို ဗုဒ္ဓဘုရားက သေသေချာချာပြောတော့မှ ဗုဒ္ဓဘုရားက သေသေချာချာပြောတော့ ဘာပြောသလဲဆိုတော့ ကိုယ်လုပ်တဲ့ကံနဲ့ ကံရဲ့အကျိုးဝိပါက်ကြောင့် ဖြစ်ပွားတဲ့၊ ကိုယ်ပုံဖော်နေတဲ့ သတ္တဝါကို...။ ပြန်ပြောမယ်။ ကိုယ်လုပ်တဲ့ကံနဲ့ ကံရဲ့အကျိုးဝိပါက်ဖြစ်တဲ့ ဟာတွေကြောင့် ကိုယ်ပေါ်မှာပေါ်နေတဲ့ ပုံသဏ္ဌာန်၊ အဲဒီပုံသဏ္ဌာန်ကြီးက လွတ်လပ်ရမယ်ဗျ။ ဪ...ဗုဒ္ဓဘုရားရှင်က အဲဒါကိုပဲ သူကတော့ ဒုက္ခလို့ ပြောပြီ။ ဒုက္ခဆိုတာ ဘာလဲလို့ဆိုယင် ကိုယ် ပြောတယ်၊ ပြုတယ်၊ နေတယ်။ ဒါပေါ့နော်၊ ကိုယ် ဒီလိုပြောတယ်၊ ပြုတယ်

နေတယ်ဆိုတဲ့ ကံနဲ့ အဲဒီကံရဲ့ အကျိုးဝိပါက်လို့ ဆိုတဲ့ အဲဒီ မဟုတ်တာ ပြောပြီဆိုယင် မဟုတ်တာပြောသူရဲ့ကံ ဖြစ်ပြီပေါ့။ မဟုတ်တာကို လုပ်ပြီဆိုယင်လည်း မဟုတ်တာလုပ်သူရဲ့ကံ ဖြစ်ပြီပေါ့။ မဟုတ်တဲ့ အတိုင်း နေပြီလို့ဆိုယင်လည်း မဟုတ်တဲ့အတိုင်း နေသူကတော့ ဖြစ်ပြီ ပေါ့။ သူ့အတွက်ပေါ့နော်။

ကံလုပ်ယင် အဲဒီကံက လူကိုရစ်ပတ်နေတယ်

အဲဒါကလည်းနော်... အဲဒါကလည်း ပြောမယ်ဆိုယင် ထမင်းစားလိုက်ယင် ထမင်းဝသွားသလိုပဲ။ စားပြီးယင် ထမင်းဝသလိုပေါ့။ ကံလုပ်ပြီးသွားယင် ကံလုပ်မှုက ဖြစ်နေတာပဲ။ ကျုပ်တို့က အမှုမဲ့ အမှတ်မဲ့ နေတဲ့အခါကျတော့ ကံတော့ပြုကြသေးသလို ကံလုပ်မှု ဖြစ်နေတာကျတော့ မသိကြဘူးပေါ့။

အဲဒါကို ဗုဒ္ဓဘုရားကတော့ လူတွေ အပြစ်ပြောသွားပြီ။ မင်း... ကံနဲ့ ကံရဲ့အကျိုးဝိပါက်ဆိုပြီးတော့။ ဒီ အကျိုးဝိပါက်ကြောင့် ဘာဖြစ်လဲ ဆိုတော့ ဒါထပ်ပြီးတော့ ဒါမေးလို့ ရှိယင်ဖြင့် ကံလုပ်တဲ့သူက ကံလုပ်သလို ဖြစ်ပြီးတော့ နောက်ထပ် ထပ်ပြီးတော့ ကံလုပ်ချင်တယ်။ အဲဒါကြောင့်မို့လို့ အဲဒီကံကလေးများ တခါလောက်လုပ်မိယင် ထပ်ကာ ထပ်ကာ အဲဒီကံကို လုပ်ချင်တယ် ပြောတာဗျာ။ အဲ...လုပ်ဖြစ်တဲ့ အတွက် အဲဒါကြီးက လူကို ပတ်နေပြီ။ အဲ... တစုံတခု ကံကလေးကို လုပ်ပြီးယင် ကံလုပ်သူ ဖြစ်ပြီးတော့ ကံထပ်လုပ်ပြန်တော့ ကံပဲ ထပ်လုပ်မှာပဲ။ အဲဒီတော့ ကောင်းတာပဲဖြစ်ဖြစ်၊ မကောင်းတာပဲ ဖြစ်ဖြစ်၊ ကောင်းတဲ့ကံ ဆိုယင်လည်းပဲ ကောင်းတဲ့ကံ လုပ်ချင်တယ်၊ လုပ်တယ်၊ ကံလုပ်သူ ဖြစ်တယ်။

အဲ...နောက်ကျတော့ တခါထပ်ပြီးတော့ ကံပြန်လုပ်ချင်တယ်၊ သြော ....ကောင်းတာတွေပဲ ထပ်လုပ်တယ်။ ကောင်းတာတွေ ထပ်လုပ်တော့ မကောင်းဘူးလားလို့ မေးယင် သူ ဒီထဲမှာငြိုပြီးတော့ ဒီထဲမှာပဲ လည်နေရပြီဆိုတော့ ဘယ်ကောင်းတော့မလဲ။

ဒီလိုပြောရမှာပေါ့နော်။ တကယ်တော့ အလုပ်လုပ်တယ်လို့ဆိုတာ ကိုယ့်စိတ်နဲ့ကိုယ် လုပ်ရမှာ။ အလုပ်လုပ်တယ် ဆိုတာက ကိုယ်တကယ် လုပ်သင့်တယ်လို့ သိတဲ့ဟာနဲ့ လုပ်ရမှာ။ ကိုယ်တကယ်လုပ်သင့်တယ်လို့ သိတာနဲ့ မဟုတ်ဘဲ ကိုယ်ကနေပြီးသကာလ တခါတည်း လုပ်စ ရှိလို့နဲ့ပဲ လုပ်ချင်နေတာမျိုး၊ ဝါသနာပါနေတယ်လို့ သို့မဟုတ် အထုံပါနေတယ်လို့၊ အဲလိုမျိုးနဲ့ လုပ်တာဟာ ကိုယ်လုပ်တာမဟုတ်ဘူးလို့ ပြောရမယ်။ အထုံက လုပ်တာ၊ ဝါသနာကလုပ်တယ်လို့ ပြောရမှာ ဖြစ်တဲ့အတွက် သူက ကံလုပ်ပြီးနောက် ကောင်းတဲ့ကံပဲ လုပ်ပါဦးမယ်။ အဲဒီ ကောင်းတဲ့ကံက မလွတ်တော့ဘူး၊

မကောင်းတဲ့ကံလုပ်ယင်တော့ ပိုပြီးတော့ မကောင်းတဲ့ကံက မလွတ်တော့ဘူးပေါ့။ မကောင်းတဲ့ကံကလည်း မလွတ်ဘူး၊ ကောင်းတဲ့ကံကလည်း မလွတ်ဘူးဆိုတော့ မကောင်းတဲ့ကံက မလွတ်ယင်တော့ ဒီသူဟာ သူများကို ဖျက်ဆီးတဲ့သူဖြစ်တဲ့အတွက် ဘယ်သူခံနိုင်မှာတုန်း။ ကောင်းတဲ့ကံကနေ မလွတ်သွားဘူးဆိုတော့ ကောင်းတဲ့ကံက မလွတ်တဲ့ သူလည်း ဒီလူ ကြာကြာ ဘယ်ခံနိုင်မှာတုန်းလို့ ဒီလိုပြောရမှာပေါ့နော်။

ဘာလို့လဲဆိုတော့ ကောင်းတာလုပ်တယ်လို့ဆိုတာ ကိုယ်ကနေပြီးတော့ အနစ်နာတွေ အများကြီးခံရတာ။ အနစ်နာခံတဲ့လူကို ကောင်းတဲ့ကံ

လုပ်သူလို့ ဒီလိုပြောရမှာပေါ့။ သူများကို နစ်နာအောင် လုပ်တဲ့သူကျတော့ မကောင်းတဲ့ကံလုပ်သူလို့ ဒီလိုပြောရတယ်။ သူများကို မကောင်းတဲ့ကံနဲ့ သူများကို နစ်နာအောင်ပဲလုပ်လုပ်၊ ကိုယ်အနစ်နာခံရအောင်ပဲ လုပ်လုပ်၊ ဘယ်သူ ကြာကြာခံနိုင်မှာတုန်း။ ဒါ လူရဲ့လမ်းစဉ် မဟုတ်ဘူးလို့ ဒီလိုပြောရမှာပေါ့နော်။

အဲဒီလိုဆိုတော့ ကံလုပ်ပြီလို့ဆိုယင် အဲဒီကံက မထွက်တတ်တော့ဘူး။ ဒီကံက မထွက်တတ်တော့ဘူးဆိုယင် ဒီကံကြီးက ကိုယ့်ကိုရစ်ပတ်နေပြီ။ ကောင်းတဲ့ကံလုပ်ယင်လည်း ကောင်းတဲ့ကံကြီးက ကိုယ့်ကိုရစ်ပတ်နေပြီ။ ကောင်းတဲ့ကံဆိုတာ ကိုယ်အနစ်နာခံတဲ့ကံပေါ့။ ကိုယ်အနစ်နာခံတာ လုပ်ယင် ကိုယ်အနစ်နာခံတာကြီးက ရစ်ပတ်နေပြီ။ ဘယ်လိုထွက်ရမယ်တောင်မှ မသိတော့ဘူး။ သူများကို နစ်နာအောင် လုပ်တာ ဆိုယင်လည်းပဲ သူများကို နစ်နာအောင်လုပ်တဲ့ ဟာကြီးက သူ့ကိုရစ်ပတ်နေပြီ။ သူများကို နစ်နာအောင်မှ မလုပ်ရယင် သူ့စိတ်မှာ မပျော်ဘူး၊ သူ စိတ်ထဲမှာ မချမ်းသာဘူး။ အဲဒီတော့ သူများကို နစ်နာအောင်ပဲ သူလုပ်ချင်တယ်။

သူများကို နစ်နာအောင်လုပ်တဲ့လူ တခါလုပ်ယင် ကိုယ့်မှာ ဘာမှမဖြစ်သေးဘူး ဆိုပေမယ့်၊ နှစ်ခါလုပ်ယင်လည်း ကိုယ့်မှာ ဘာမှ မဖြစ်သေးဘူး ဆိုပေမယ့် အခါခါ သူများနစ်နာအောင် လုပ်ယင်တော့ ဘယ်...သူများက ခံနိုင်မှာတုန်း။ အကြိမ်ကြိမ်နစ်နာအောင် လုပ်ပြီ ဆိုယင်တော့ သူ အားမသန်ပေမယ့်လည်း ကိုယ်ဘယ်လို လုပ်မလဲ၊ တခါမဟုတ်တခါ ပြန်ပြီး ကန်,တော့မှာပေါ့။ အဲဒီတော့ သူများကို

နစ်နာအောင်လုပ်တဲ့သူ ပိုခံရမှာပေါ့။ ကိုယ် နစ်နာအောင်လုပ်တဲ့သူ ကျတော့လည်းပဲ အစကတည်းကိုက ကိုယ်အနစ်နာခံခဲ့တာဆိုတော့ ကိုယ်ပဲ ခံရမှာပေါ့။ ကိုယ်ကကော ဘယ်လောက် အနစ်နာခံနိုင်မှာမို့လဲ။ ကိုယ်လည်း လူတယောက်ပဲဟာ ဘယ်လောက်ခံနိုင်မှာလဲ။ အဲဒါကို သိရမယ်။

ကံရစ်ပတ်ခံရယင် မလွတ်လပ်တော့ဘူး

အဲဒီတော့...ဆိုလိုတာကတော့ မကောင်းတဲ့ကံလုပ်လို့ မကောင်းတဲ့ကံကြီးက ရစ်ပတ်နေပြီဆိုရင် ဒီလူ လွတ်လပ်သေးလား။ (မလွတ်လပ်တော့ပါဘူး)၊ မလွတ်လပ်တော့ဘူးပေါ့၊ ကောင်းတဲ့ကံလုပ်လို့ အဲဒီ ကောင်းတဲ့ကံကြီးထဲက သူ မထွက်တတ်တော့ဘူး၊ အဲဒါကြီးထဲမှာပဲ သူ ချာလှည့်လည်ပြီး ရစ်ပတ်နေပြီဆိုတော့လည်း သူကော လွတ်လပ်သေးရဲ့လားဗျာ။ (မလွတ်လပ်ပါဘူး ဘုရား)။ မလွတ်လပ်တော့ဘူး။ ဒီတော့ ဘုရားပြောတဲ့ ဒုက္ခကို ကံနဲ့ သရုပ်ဖော်တာ။ မြတ်စွာဘုရားက မြတ်စွာဘုရားရဲ့ဝါဒဟာ ကမ္မဝါဒပဲ။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေဟာ ရိုးရာဗုဒ္ဓဘာသာ ဖြစ်တောင်မှလည်း ကံတော့ယုံတယ်လို့ ဆိုတာမျိုးလို တော်တော်ပြောတတ်ကြတယ်။

ကံတော့ယုံတယ်။ ဒို့က ဗုဒ္ဓဘာသာဖြစ်တဲ့အတွက် ကံကိုယုံတယ်။ ကံယုံတော့လည်း မှားကြတဲ့အတွက် ကံမသိဘဲနဲ့ ကံယုံတော့ ဘာတဲ့... ကံယုံယင်တဲ့ နောက်ဘဝကိုလက်ခံရမယ်။ ဪ... ဗုဒ္ဓ ဘာသာဖြစ်ယင် ကံယုံရမယ်။ ကံယုံယင် နောင်ဘဝကို လက်ခံရမယ်။

မှားလိုက်တာဗျာ။ ဗုဒ္ဓဘာသာဖြစ်ရင် ကံယုံရမယ်။ ကံယုံယင် နောင်ဘဝလက်ခံရမယ် မပြောရဘူး။ ဘာလို့ဆို ဒီကံကို ယုံလို့ရှိယင် ဒီကံကို မြင်ပဲနေမှ ဥစ္စာကြီးပဲ။ ဒါဆိုယင် နောင်ဘဝကို ဘယ်လက်ခံဖို့ ကောင်းပါ့မလဲပေါ့။ နောင်ဘဝလက်ခံ နေပြီဆိုကတည်းက ကံအမှားကြီးတွေလုပ်တာလို့ ဒီလိုပြောရမှာပေါ့နော်။

အဲဒီတော့ ကံက လူကိုရစ်ပတ်နေပြီ။ ရစ်ပတ်နေတော့ ဒီလူ လွတ်လပ်သေးလားဗျာ။ (မလွတ်လပ်ပါဘူး ဘုရား)။ မလွတ်လပ်ဘူး။ အဲဒီတော့ ခင်ဗျားတို့...ကိုယ်က ဗုဒ္ဓဘာသာဖြစ်တယ်လို့ဆိုယင် ဗုဒ္ဓ ဘာသာဖြစ်တဲ့သူဟာ ဗုဒ္ဓဘုရားကနေပြီးတော့ သူ့တပည့်တပန်းဖြစ်တဲ့ ဒကာ ဒကာမတွေကို ဆုလာဘ်ပေးပါပြီ။ ဘာဆုလာဘ်ပေးမှာတုန်း ဆိုလို့ရှိယင် "လွတ်လပ်" ဆိုတဲ့ဟာလေး တခုတည်းပဲ သူကပေးမှာ။ ဒကာ ဒကာမတို့ ဗုဒ္ဓဘုရားက သူ့ ဒကာ ဒကာမတွေကို ဘာဆုလာဘ်ပေးမှာတဲ့လဲ။ (လွတ်လပ်တဲ့ ဆုလာဘ်ပါ)။ လွတ်လပ်တာလေး တခုတည်း ပေးမှာနော်။ အဲဒီ ကိုယ်ကတော့ ဗုဒ္ဓ ဘာသာလို့ လုပ်နေတယ်။ လွတ်လပ် ဆိုတာလေးကို ကိုယ်မရဘူးလို့ ဆို လို့ရှိယင် ဗုဒ္ဓဘုရားဆီက ဘာရတယ်လို့ပြောလို့ ဖြစ်ပါ့မလဲ။ (ဘာမှ မရပါဘူး)။ ဘာမှမရဘူး။ ဟုတ်ပြီနော်။

လွတ်လပ်ယင် ကံတွေမလုပ်တော့ဘူး

အဲ...လွတ်လပ်ကလေးမှ မရဘူးဆိုယင် ဘာမှမရဘူး။ အဲဒီတော့ ဗုဒ္ဓဘာသာဖြစ်ယင် လွတ်လပ်ရမယ်။ အဲဒီတော့ လွတ်လပ်တယ်ဆိုတာ ဘာလွတ်လပ်တာတုန်း၊ ဘာက လွတ်လပ်ရမှာတုန်းလို့ မေးယင် ဟောဒီ

ကံတွေက လွတ်လပ်ရမှာ။ ဒီကံတွေကနေပြီးတော့ လွတ်လပ်ရမယ်။ အဲ...ဒီကံတွေက လွတ်လပ်သွားပြီဆိုယင် မကောင်းတဲ့ကံတွေ မလုပ်ဘူး။ ကောင်းတဲ့ကံတွေလည်း မလုပ်ဘူး။ မကောင်းတဲ့ကံတွေက လူကို ပတ်ပြီးနေပြီဆိုတော့ ဘယ်လိုလုပ်လို့ ဖြစ်ပါတော့မလဲ။ ကောင်းတဲ့ကံတွေကကော ဆိုတော့ ကောင်းတဲ့ကံတွေကလည်း လူပတ်နေပြီ၊ လူပတ်နေပြီဆိုတော့ လူလည်း မလွတ်လပ်တော့ဘူး။

အဲ...ဒီအထဲမှာ ဒကာဒကာမတို့က ရိုးရာနဲ့စပ်ပြီးနေတော့ဟာ ကောင်းတဲ့ကံတွေလို့ ဆိုတဲ့အထဲမှာ လူတယောက်က စိတ်ထားကောင်းကောင်းနဲ့ ထားတဲ့ဟာလည်း ကောင်းတဲ့ကံတွေ ဖြစ်နေရော့မလားလို့ ဒီလိုမျိုးတွေ တွေးမြင်တတ်ကြတယ်။ တကယ်ကတော့ ကံဆိုတဲ့စကား ကိုယ်တိုင်ကိုက အဆိုးမယုံကြည် 'သဗ္ဗေသခ်ါရာ ဒုက္ခာ'၊ မြတ်စွာဘုရားကပြောတယ်၊ ယဒါ ပညာယ ပဿတိ။ တကယ်တော့ သဗ္ဗေသခ်ါရာ-အလုံးစုံသော ကံတရားတို့ဟာ ဒုက္ခတွေပဲလို့၊ အဲဒီလိုမျိုးပြောတယ်။

ကိုယ်အနစ်နာခံတာတွေဟာ ကောင်းတဲ့ကံတွေ

ဘာဖြစ်လို့...။ မကောင်းတဲ့ကံတွေ ဒုက္ခဆို ထားပါတော့။ ကောင်းတဲ့ကံတွေကလည်း လူတွေကို ရစ်ပတ်နေတာပဲ။ လူတွေရစ်ပတ်နေတဲ့အခါကျတော့ ကောင်းတဲ့ကံကိုက ရိုးရိုးတိုတိုလေး အနက်ဖွင့်မယ်နော်။ ကိုယ်အနစ်နာခံတာဟာ ကောင်းတဲ့ကံ။ ကောင်းတဲ့ကံဆိုတာ ဘာတဲ့လဲ။ ကိုယ်နစ်နာဖို့ အနစ်နာခံတာ။ အဲဒီတော့ ကိုယ့်အနစ်နာခံတာဟာ ကောင်းတဲ့ကံဆိုတော့ ကောင်းတဲ့ကံကို အဓိပ္ပါယ်ဖော်ယင်

တကယ်ကတော့ ကိုယ်အနစ်နာခံတာ ဘယ်လောက် အနစ်နာခံနိုင်မှာလဲ။ လူဟာ ကိုယ် အနစ်နာခံလို့ ကောင်းပါ့မလား။ (မကောင်းပါဘူး)။ မကောင်းဘူး။ သူများကို အနစ်နာခံစေဖို့ကော ကောင်းပါ့မလား။ (မကောင်းပါဘူး)။ သူများနစ်နာအောင်လုပ်တဲ့လူလည်း ဒုက္ခရောက်မှာပဲ။ ကိုယ်အနစ်နာခံတဲ့လူလည်း ဒုက္ခရောက်မှာပဲ။

အဲဒီလိုဆိုယင် မြတ်စွာဘုရားက ဒုက္ခကိုပြောပြီ။ ဒုက္ခကို ဘယ်လိုပြောသလဲဆိုတော့ ဒကာဒကာမတို့ ဒုက္ခဆိုတာ ဘာတဲ့လဲ။ (ကံပါဘုရား)။ ကံတွေပဲဗျ။ တကယ်တော့ အဲဒီကံတွေကို လွတ်မြောက်အောင်လုပ်ရမှာပဲ။ ဒီကံတွေက လွတ်မြောက်အောင်လုပ်ရမှာလို့ ဆိုတော့ ကံတွေက ကာယကံ၊ဝစီကံ၊မနောကံလို့ ရှိတယ်။ ကာယကံ= ကိုယ်နဲ့ပြုမူတာတွေ။ ဝစီကံ=နှုတ်နဲ့ပြောဆိုတာတွေ။ မနောကံ=စိတ်နဲ့ကြံစည်တာတွေ ဆိုတော့ကာ၊ ဪ . . .ဒါတွေ မလုပ်ရတော့ဘူးလား။ ဒါတွေ မလုပ်ရယင် ဘယ်လိုလုပ်ဖြစ်ပါမလဲဆိုတော့ ကိုယ်နဲ့ပြုမူတာ၊ နှုတ်နဲ့ပြောဆိုတာ၊ စိတ်နဲ့ကြံစည်တာဆိုတာ မလုပ်ဘဲဖြစ်ပါမလား။ ကိုယ်နဲ့လည်းပြုလုပ်ရမှာပဲ၊ နှုတ်နဲ့လည်း ပြောဆိုရမှာပဲ၊ စိတ်နဲ့လည်း ကြံစည်ရမှာပဲ။ ဒါတွေဟာ ကံဖြစ်ပြီလားလို့မေးယင် ကံဆိုတာ သူများနစ်နာအောင် လုပ်ယင်လုပ်၊ မလုပ်လို့ရှိယင် ကိုယ်အနစ်နာခံတာလုပ်။ ကိုယ်အနစ်နာခံတာ လုပ်တာဟာလည်း ကံပဲ။ သူများ နစ်နာအောင် လုပ်တာလည်းပဲ ကံပဲ။ ဒီနှစ်ခုကိုပဲ ကံလို့ပြောတာ။ သူများနစ်နာအောင် လုပ်ယင် မကောင်းတဲ့ကံ။ ကိုယ်အနစ်နာခံရတာ လုပ်ယင်လည်း မကောင်းတဲ့ကံ။

ကိုယ်အနစ် နာခံရအောင်လုပ်တာတွေက ဘာတွေလဲဆိုတော့ ကာမကုသိုလ်တွေလည်း ပါတယ်။ ကာမကုသိုလ်ဆိုတာ လူ(ကိုယ်) အနစ်နာခံတဲ့လုပ်ငန်း။ ရူပကုသိုလ်လည်း ပါတယ်။ ရူပကုသိုလ်ဆိုတာ လည်း ကိုယ်အနစ်နာခံရတဲ့လုပ်ငန်း။ အရူပကုသိုလ်ဆိုတာလည်း ပါတယ်။ ဒီအရူပကုသိုလ် ဆိုတာဟာလည်း ကိုယ်အနစ်နာခံတာပဲလို့ ဒီလိုပဲပြောရမယ်။ အဲဒီလိုပြောလို့ ကံတွေကို ကိုယ်အနစ်နာခံရတဲ့ကံတွေ ကို ကုသိုလ်ကံလို့ ဒီလိုပြောရမယ်။

အဲဒီကုသိုလ်ကံတွေဟာ သုခတွေလား၊ ဒုက္ခတွေလား (ဒုက္ခတွေ ပါဘုရား)။ ဒုက္ခပေါ့၊ ဒီလိုဆိုယင် အဲဒီကံတွေက လွတ်လပ်ရမှာလား၊ မလွတ်လပ်ရမှာလား။ (လွတ်လပ်ရမှာပါ)။ လွတ်လပ်ရမှာ၊ တကယ် လို့ လူဟာ အဲဒီလိုလေးများ ဒါ...ငါတို့ဟာ တကယ်တော့ လူဖြစ်တဲ့ အတိုင်း လွတ်လပ်ချင်ရမယ်။ ဒကာ ဒကာမတို့ရေ...မလွတ်လပ်တာ တော်တော်ဆိုးတယ်။ မလွတ်လပ်တာ တော်တော်ဆိုးတယ်ဆိုတာကို ကိုယ့်အတိုင်းအထွာနဲ့ကိုယ် သိပြီးသားပဲ။ သိပြီးသားဖြစ်ပေမယ့် ပြည့် ပြည့်စုံစုံနဲ့ သိတာ ဖြစ်ကောင်းမှဖြစ်မယ်။ တကယ်လို့သာ မလွတ်လပ် တာကို ပြည့်ပြည့်စုံစုံနဲ့ သိတယ်ဆိုယင် မြတ်စွာဘုရားရဲ့တရားကို သိပြီလို့ ဒီလိုပြောရမယ်။

ဘာပြုလို့လဲဆိုတော့ မြတ်စွာဘုရားရဲ့ တရားအချက် (၄)ချက် ထဲမှာ လွတ်လပ်တာသိတာဟာလည်း အချက်တချက်ပါတယ်။ လွတ် လပ်တာ သိတယ်၊ မလွတ်လပ်တာသိတယ်လို့ ဆိုယင် မြတ်စွာဘုရား တရား သိလို့ ဖြစ်သွားမှာပေါ့။ တကယ်တော့ လွတ်လပ်တာကို မသိ

ကြပါဘူး။ လွတ်လပ်တာကို မသိတာဟာ ဘာပြုလို့လဲဆိုတော့ မလွတ် လပ်တာကို သိမှမသိဘဲ။ မလွတ်လပ်တာ ဘာလို့မသိတာလဲဆိုယင် မြတ်စွာဘုရား ဟောကြားတော်မူတဲ့ကံကို မသိလို့ပါပဲ။ အဲဒီလိုကံကို မသိတာဖြစ်တဲ့အတွက် မလွတ်လပ်တာကို မသိဘူးလို့ ပြောရမှာပေါ့ နော်။ ကိုယ့်ဟာလေးနဲ့ကိုယ် စားစရာသောက်စရာ အခက်အခဲ ရှိတာတို့၊ လုပ်စရာကိုင်စရာ အခက်အခဲရှိတာတို့၊ နေစရာထိုင်စရာ အခက်အခဲ ရှိတာတို့တော့ ဒါတွေကတော့ ဒုက္ခတွေပဲလို့ မလွတ်လပ်ဘူးဆိုတာ သိကြမှာပေါ့။ မြတ်စွာဘုရားက အဲဒါကလေးတွေလောက်ကို မပြော ဘူး။ အဲဒါလေးတွေက ဘယ်ကနေပေါက်ပွားလာတာလဲ ဆိုလို့ ရှိယင် မြတ်စွာဘုရားက ပြောတယ်၊ ကံကနေ ပေါက်ပွားလာတာတဲ့။

တကယ်တော့ ကိုယ်အပြုအမူ၊ အပြောအဆို၊ အနေအထိုင်တွေ၊ ကိုယ်အနစ်နာခံပြီးတော့ပဲ ပြုမူမိလို့လား၊ အနစ်နာခံပြီးတော့ပဲ ပြောဆိုမိ လို့လား၊ အနစ်နာခံပြီးတော့ပဲ နေထိုင်မိလို့လား၊ ဒါဆိုယင်တော့ ဒီလူ ဒုက္ခရောက်ပြီပေါ့၊ အဲဒါမှမဟုတ်ယင်လည်း ကိုယ်တော့အနစ်နာမခံဘူး၊ သူများနစ်နာအောင်ပဲ ပြောဆိုနေသူလား။ သူများနစ်နာအောင်ပဲ ပြုမူနေ သူလား၊ သူများနစ်နာအောင်ပဲ နေထိုင်နေသူလား။ အဲဒါတွေဆိုယင် တော့ ကံတွေလို့ပြောရမှာပေါ့။ သူများနစ်နာအောင် ပြောဆိုနေသူ၊ ပြုမူနေသူ၊ နေထိုင်နေသူဆိုယင် အကုသိုလ်ကံ။ ကိုယ်အနစ်နာခံပြီး ပြောဆိုနေပြီ၊ ပြုမူနေပြီ၊ နေထိုင်နေပြီဆိုယင် ကုသိုလ်ကံ။ ဒီလိုပြောရ မှာပေါ့။

အနည်းဆုံး ကိုယ်နစ်နာအောင် ပြောဆိုပုံ၊ ပြုမူပုံ၊ နေထိုင်ပုံ

ကလေး နည်းနည်းပြောရမယ်ဆိုယင် ဆိုကြပါစို့...တရားထိုင်တာ၊ ပုတီးစိပ်တာပေါ့။ ပုတီးစိပ်မယ်ဆိုယင် ဘာလုပ်ရမလဲဆိုလို့ရှိယင် ကိုယ့်ကို ကိုယ် ချုပ်တည်းရမယ်။ ပုတီးစိပ်တဲ့သူဟာ လွတ်လွတ်လပ်လပ် နေလို့ရမှာလား၊ ချုပ်တည်းထားရမှာလား။ (ချုပ်တည်းရမှာပါ)။ ချုပ်တည်းရမှာ။ ချုပ်တည်းရပြီဆိုကတည်းက ကိုယ်လုပ်သင့်တာ လုပ်နိုင်ပါ့မလား။ (မလုပ်နိုင်ပါ)။ မလုပ်နိုင်ဘူးဆိုကတည်းက မလုပ်နိုင်ယင် ကိုယ်နစ်နာပြီပေါ့။ အဲဒီလိုပဲ တမျိုးမဟုတ် တမျိုးနဲ့ တရားထိုင်ပြီဆိုပါတော့။ တရားထိုင်ပြီဆိုကတည်းက ဒီလူ လွတ်လွတ်လပ်လပ် လုပ်လို့ကိုင်လို့ရနိုင်ပါဦးမလား။ (မရနိုင်ပါဘူး)။ ဒီလူကော လွတ်လပ်ပါ့မလား။ (မလွတ်လပ်ပါဘူး)။ မလွတ်လပ်ဘူး။ အဲဒါဟာ တကယ်ကို ကိုယ်အနစ်နာခံတာ၊ ပြောမယ်ဆိုယင်တော့ အစားဆိုယင်လည်း အဲ...လျှော့စား။ အဝတ်ဆိုတာကိုလည်းပဲ လျှော့ဝတ်။ အသုံး ဆိုတာကိုလည်း လျှော့သုံးဆိုတာလိုပဲ အကုန်လုံး အနစ်နာခံနေရပြီပေါ့။ အဲဒီလို အနစ်နာခံနေရတာဖြစ်တဲ့အတွက် အဲဒီကုသိုလ်တွေဟာလည်းပဲ လူကို မလွတ်လပ်စေတဲ့ဟာတွေ၊ ဒုက္ခဖြစ်စေတဲ့ဟာတွေလို့ ဒီလိုပြောရမှာပေါ့။

အဲဒီဒုက္ခကို မြတ်စွာဘုရားကပြောတယ်၊ တကယ်တော့ လွတ်လပ်ဖို့ရာအတွက်ဆိုယင် ဒီဒုက္ခကိုပဲပြောမှ ဖြစ်မယ်။ လွတ်လပ်ဖို့ရာအတွက် ဒီဒုက္ခကိုပဲ သိအောင်လုပ်ကြရမှာ ဖြစ်တယ်။ ဒီဒုက္ခကို မြတ်စွာဘုရားက မပြောခဲ့လို့၊ မပြခဲ့ယင် ဒီဒုက္ခကို သိမှာ မဟုတ်ဘူး။ သာမန်အားဖြင့် စားဝတ်နေရေး ဒုက္ခတွေတော့ လူတိုင်းသိကြပါတယ်။ သိကြပေမယ့် ဒီဒုက္ခက အဖျားအနား ဒုက္ခကလေး။

ပြောပြုနေမှာ ကိုယ်,သူတပါးနစ်နာစေယင် ဒုက္ခ

အရင်းအကျဆုံးဒုက္ခကို ပြောမယ်။ ကိုယ့်ကိုယ်အပြုအမူ၊ ကိုယ့်နှုတ် အပြောအဆိုနဲ့ ကိုယ့်ရဲ့ မျက်နှာနေမျက်နှာထား၊ ကိုယ်လက်ဟန်ပန် အနေအထားဖြစ်တဲ့ ကာယ၊ဝစီ၊မနော။ ဒါတွေကို လွန်ကြပြီလို့ဆိုယင်တော့ ကိုယ်အနစ်နာခံတဲ့အဆင့်အထိ လွန်သွားပြီဆိုယင်လည်း ဒီလူ ဒုက္ခရောက်ပြီလို့ ဒီလိုပြောရမယ်။ တကယ်လို့ သူများကို နစ်နာစေတဲ့ အဆင့်အထိ ကိုယ့်အပြောအဆို၊ အပြုအမူ၊ အနေအထိုင်တွေက လွန်သွားပြီဆိုယင်လည်း ဒီလူဒုက္ခရောက်သွားပြီလို့ ဒီလိုပြောရမယ်။ အဲဒီလို ဒုက္ခကိုတော့ ဘယ်သူမှ မသိဘူးလို့ ဒီလိုပြောကြပါစို့။ စားဝတ်နေရေး အပိုင်းဆိုင်ရာ အခက်အခဲတို့၊ အကျပ်အတည်းတို့ ဆိုတာတွေ ဖြစ်လာတော့မှပဲ ဒုက္ခလို့ သိကြတယ်။ တကယ်တမ်းဆို မြတ်စွာဘုရားကတော့ ဒါကို ဒုက္ခလို့ မပြောဘဲ ကိုယ့်ရဲ့အပြုအမူ၊ အပြောအဆို၊ အနေအထိုင်တွေကို ဒုက္ခ။ ဒါတွေနဲ့ လွန်ကျူးတဲ့ လုပ်ရပ်တွေကို ကောင်းတာပဲ ဖြစ်ဖြစ်၊ မကောင်းတာပဲဖြစ်ဖြစ် အဲဒါကိုဒုက္ခလို့ ပြောတယ်။

အဲဒီတော့ လွတ်လပ်တယ်ဆိုတာဟာ ဘာကလွတ်လပ်ရမယ်ဆိုတာ ဒကာ ဒကာမတို့ ဘယ်လိုလုပ် ပြောကြမလဲ။ (ဒုက္ခက လွတ်လပ်ရမှာပါ)။ ဒါလေးလည်းပဲ တကယ်ပဲ မှတ်ပေးကြပါလို့ဆိုတာ ဒီလိုပြောရမယ်။ "သြော်...ဒုက္ခဆိုတာလည်း တောဒုက္ခ၊ တောင်ဒုက္ခ မဟုတ်ဘူးဟေ့။ ဒို့ အပြောအဆို၊အနေအထိုင်။ ဒါ-အချက်ကလေး နှစ်ချက်ပဲ။ အပြောအဆို၊အပြုအမူ၊အနေအထိုင်တွေမှာ ဒို့က သူများကို နစ်နာစေနေသလား၊ အဲဒါဆိုယင် ဒုက္ခပဲ။ သို့မဟုတ် ကိုယ့်အပြောအဆို၊

အပြုအမူ၊အနေအထိုင်တွေဟာ ကိုယ်က အနစ်နာခံနေရပြီလား၊ ကိုယ်က အနစ်နာခံနေရပြီဆိုလည်း အဲဒါဟာ ဒုက္ခပဲ။ အဲဒီလိုပြောရမယ်ဗျာ။

အဲဒီတော့ အဲဒီလိုအကျယ်အကျယ် မင်ြမ်းဖွယ်တွေနဲ့ တရှည် တဝေးနဲ့ ဟိုလိုလိုဒီလိုလို နေနေရမယ် ဆိုတာထက် ကျုပ်တို့တတွေဟာ လွတ်လပ်ကြဖို့ပဲ။ ကျုပ်တို့ ဘုရားပေးမှာက ဘာကိုပေးမှာတဲ့လဲ။ (လွတ်လပ်မှုပါ)။ လွတ်လပ်မှုကိုပါ။ အဲဒီတော့ လွတ်လပ်တော့ လွတ်လပ်ချင်ပြီ။ ဟုတ်ပြီ။ လွတ်လပ်အောင်အတွက် ဘာက မလွတ်လပ်နေတာတုန်း။ ဘာကနေပြီး လွတ်လပ်ရမှာတုန်း ဆိုတာကို သိဖို့ လိုပါတယ်။ ဒီလိုဆိုတော့ လွတ်လပ်ရမှာက ဘာက လွတ်လပ်ရမှာတုန်း ဆိုတော့ ဒုက္ခက လွတ်လပ်ရမှာပဲ။ ဒုက္ခဆိုတာက ဘာလဲလို့ဆိုတော့ ကံနဲ့ ကံရဲ့အကျိုးဝိပါက်တွေလို့၊ ဒါ-မသိကြဘူးလားဗျာ။ (သိကြပါတယ်ဘုရား)။ ဒီကံတွေကိုပဲ လူတိုင်း လုပ်နေတာ၊ ဒီကံတွေကလည်း လူတိုင်းလုပ်နေတာပေမယ့် ဒီကံတွေကို ဘယ်သူမှ သရုပ်မခွဲဘူး။ ဒီကံတွေရဲ့သရုပ်ကိုလည်း ဘယ်သူမှမကွဲဘူးလို့ ဒီလို ပြောရမှာပါ။ ကံတွေကို လူတိုင်းလုပ်တယ်။ ဒါပေမယ့် ကံကို သရုပ်မကွဲဘူး။ ဘယ်ကံဟာ ဘယ်အပြောအဆို၊ အပြုအမူ၊ အနေအထိုင်မျိုးဟာ သူများ နစ်နာစေသတုန်း။ ဘယ်အပြောအဆို၊အပြုအမူ၊ အနေအထိုင်မျိုးဟာ ကိုယ်ကို နစ်နာစေသတုန်း၊ ကိုယ့်ကို ဘာနစ်နာမှုတွေ ဖြစ်စေသတုန်း၊ ဒါကို ဘယ်သူမှ သရုပ်မခွဲဘူးဗျာ။

ကံကို သရုပ်ခွဲပြီးသိရမယ်

အဲလို သရုပ်မခွဲတော့ ကံနဲ့စပ်လျဉ်းလို့ သရုပ်ကွဲကြပါ့မလား။ (မကွဲပါဘူးဘုရား)၊ အေး-ကံနဲ့စပ်လျဉ်းလို့ သရုပ်မကွဲကြဘူး၊ ကံနဲ့ စပ်လျဉ်းလို့ သရုပ်မကွဲလို့ကတော့ ကံတွေကို ကုန်ကုန်စုံစုံ ဘယ်သူမှ မသိဘူးလို့ ပြောရမယ်။ ကံတွေသာ ကုန်ကုန်စုံစုံ မသိသွားဘူးလို့ ဆိုလို့ကတော့ ကံဟာဒုက္ခပဲလို့ဆိုတော့ ဒုက္ခကို ကုန်ကုန်စုံစုံသိသူလို့ ပြောလို့ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား)။ အေး-ဒီလိုနော်၊ ဒုက္ခကို ကျုပ်တို့ လေ့လာကြရလိမ့်မယ်။ ဘာဖြစ်လို့ လေ့လာရမတုန်းဆိုတော့ ဒုက္ခကို ကျုပ်တို့က မလိုချင်လို့ဘဲ။ ဒုက္ခကလွတ်လပ်တာကို ကျုပ်တို့ က လိုချင်တယ်။ ဒုက္ခကလွတ်လပ်တာ လိုချင်တာဖြစ်တဲ့အတွက် အဲဒီဒုက္ခက လွတ်လပ်ချင်တယ်ဆိုယင် ကျုပ်တို့ ဒုက္ခကိုပဲ လေ့လာရမှာပဲ။ ဒီလိုမဟုတ်ဘဲနဲ့ ဒုက္ခလွတ်လပ်ချင်တယ်ဆိုပြီး ဒုက္ခက လွတ်လပ်တာဖြစ်တဲ့ နိဗ္ဗာန်တို့ဘာတို့ကို သွားလေ့လာတာဟာ လွတ်လပ်ချင်တာ မဟုတ်ဘူးပေါ့ဗျာ။ တကယ်တမ်းကတော့ လွတ်လပ်တာကို လိုချင်တာနဲ့ လွတ်လပ်တာကို ရှာမယ်။ လွတ်လပ်တာကိုလိုချင်ယင် လွတ်လပ်တာကို ရှာရမှာလား၊ မလွတ်လပ်တာကို ရှာရမှာလား။ (လွတ်လပ်တာကို ရှာရမှာပါဘုရား)။

လမ်းသွားတယ်၊ ခလုတ်တိုက်တယ်ဆိုယင် ခလုတ်တိုက်တာ လိုချင်သလား၊ ခလုတ်မတိုက်တာ လိုချင်သလား။ (ခလုတ်မတိုက်တာ လိုချင်ပါတယ်ဘုရား)။ ခလုတ်မတိုက်တာ လိုချင်တယ်၊ ခလုတ်မတိုက်တာလိုချင်တော့ လမ်းမှာခလုတ် ရှိသလား၊ မရှိဘူးလားလို့။ ဟော... ခလုတ်ကိုကြည့်ရမှာ မဟုတ်ဘူးလားဗျာ။ (မှန်ပါဘုရား)။

ဘာပြုလို့တုန်းဆိုတော့ ခလုတ်တိုက်ယင် လွတ်လပ်ပါဦးမလား။ (မလွတ်လပ်ပါဘုရား)။ အဲဒီတော့ ပြောမယ်ဆိုယင်တော့ လွတ်လပ်တာကို လိုချင်ယင် မလွတ်လပ်စရာကို၊ ဟုတ်ပြီနော်၊ မလွတ်လပ်စရာကို ကျုပ်တို့၊ခင်ဗျားတို့ ကြည့်ရမှာ။ လွတ်လပ်တာကိုမြင်ချင်ယင်ဘာ ကြည့်ရမလဲ။ (မလွတ်လပ်စရာကို ကြည့်ရမှာပါ)။ မလွတ်လပ်စရာကို ကျုပ်တို့၊ခင်ဗျားတို့ မြင်အောင်ကြည့်ရမှာ။ ကျုပ်တို့၊ခင်ဗျားတို့ လွတ်လပ်ချင်တယ်။ လွတ်လပ်ချင်တယ်လို့ဆိုတော့ ကျုပ်တို့က ဘာကြည်ရမှာတုန်းဆိုတော့ မလွတ်လပ်စရာကို ကြည့်ရမှာ။ မလွတ်လပ်စရာက ဘာတွေလဲလို့ဆိုတော့ ကံတွေပဲဗျ။ ဒကာ ဒကာမတို့ မလွတ်လပ်စရာက ဘာတွေပါလိမ့်။ (ကံတွေပါဘုရား)။ ကံတွေပဲဗျ။

ကံကို နားမလည်တတ်ကြဘူး

ဒီကံတွေကိုသာ ကျုပ်တို့တတွေက သရုပ်ကွဲကြမယ်ဆိုယင် ဘယ်လိုပြောတာမျိုးက ဘာကံထိုက်တယ်၊ ဘယ်လိုပြုတာမျိုးက ဘာကံထိုက်တယ်၊ ဘယ်လိုနေတာမျိုးက ဘာကံထိုက်တယ်။ ကံတွေကလည်း အများကြီးပဲ။ အကုသိုလ်ကံတွေလို့လည်း ရှိတယ်၊ ကုသိုလ်ကံတွေလို့လည်း ရှိတယ်။ ဒါပြောမယ်ဆိုယင်တော့ ဇာတိဘေဒအားဖြင့်ပေါ့နော်။ တခါ ဘူမိဘေဒအားဖြင့်ဆိုယင်လည်းပဲ ရူပကံတွေလည်း ရှိတယ်၊ အရူပကံတွေလည်း ရှိတယ်။ ကံတွေကလည်း အများကြီး။

ကျုပ်တို့ ဗုဒ္ဓဘာသာတွေက ကမ္မဝါဒလို့ ပြောပေမယ့်လည်း ဒီကံတွေကို တယ်ပြီးတော့ ရေးကြီးခွင်ကျယ်လုပ်ပြီးတော့ စကားမပြောကြဘူးဗျ။ ဒီကံတွေကို ရေးကြီးခွင်ကျယ်လုပ်ပြီး စကား

မပြောကြတော့ ကာမကံဆိုတာဟာ ဘယ်လိုဟာတုန်းဆိုတာတောင် သိပ်မသိချင်တတ်ကြဘူး။ ရူပကံဆိုတာဟာ ဘယ်လိုဟာတုန်းဆိုတာလည်း ဝေလာဝေး၊ မသိချင်တတ်ကြဘူး။ အရူပကံဆိုတာဟာ ဘယ်လိုဟာတုန်း ဆိုတာလည်း မသိတတ်ဘူးဗျ။

အဲဒီတော့ ကာမကံသိသေးတယ် ဆိုတာတောင် ရူပကံနဲ့ အရူပကံ မသိကြဘူး။ မသိတော့ ဘာဖြစ်တာ မှတ်လို့လို့ မအောက်မေ့နဲ့။ ရူပကံနဲ့ အရူပကံ မသိပလားဆိုမှဖြင့် ရူပကံက တရားမြင်တာ၊ အရူပကံကျင့်တာက တရားကျင့်တာလို့ နားလည်တယ်။ အို-သူ တရားကျင့်ပြီဆိုယင် ဘာကျင့်သတုန်းဆိုယင် ရူပကံကျင့်တယ်၊ အရူပကံ ကျင့်တယ်။ ရူပကံနဲ့ အရူပကံကျင့်လို့ကတော့ ဒီသူ လွတ်လပ်တယ်ဆိုတာ ဘယ်လိုမှ မရောက်နိုင်တော့ဘူး။ ဘာပြုလို့ ဘယ်လိုမှ မရောက်နိုင်တော့ဘူးလည်းဆိုတော့ ဒါလမ်းမှန်မှ မဟုတ်ဘဲ။ မြတ်စွာဘုရားက လမ်းကြောင်းကို (၃)ကြောင်းပြောခဲ့တယ်။ (၃)ကြောင်းပြောခဲ့ပေမယ့် လျှောက်လှမ်းရမယ့်လမ်းက တလမ်းတည်းပဲလေ။ ဒီမှာ မဏ္ဍိမပဋိပဒါဆိုတဲ့ အလယ်လမ်းကို လျှောက်ရမယ်လို့ ပြောတယ်။ တကယ်လို့များ ရူပကံနဲ့အရူပကံကို ကျင့်ယင်တော့ ဒီလူကတော့ အထက်လမ်းပဲလို့ ဒီလိုပြောတယ်၊ တကယ်လို့များ ကာမကံကိုကျင့်ယင်တော့ ဒီလူကတော့ အောက်လမ်းပဲလို့ ဒီလိုပြောတယ်။

"လမ်း-လမ်း" ဆိုတာဟာ ကံတွေကိုပြောတာ။ လမ်း-ဆိုတာ ဖြတ်ကျော်-ဖြတ်ကျော်ပြီးသွားတာကို(ခေါ်တာ)။ လမ်းဘေးမှာ သစ်ပင်တွေရှိတယ်၊ ရွာတွေရှိတယ်။ လမ်းက ဘာဖြစ်လို့လဲဆိုတော့ ဒီသစ်ပင်

တွေကိုလည်း ကျော်သွားတယ်၊ ဒီရွာတွေကိုလည်း ကျော်သွားတယ်၊ အဲ-အဲဒီလိုမျိုးတွေ ကျော်သွားတာဖြစ်တဲ့အတွက် ကံဟာလည်း ဒီအတိုင်းပဲ။ သူ့ရဲ့ရှေ့နဲ့ သူ့ရဲ့ဆန့်ကျင်ဘက်ဟာတွေကို ဖြတ်ကျော်-ဖြတ်ကျော်ပြီး သွားတာပဲ။ အကုသိုလ်ကံကိုလုပ်တယ် ဆိုယင် ကုသိုလ်ကံကို ဖြတ်ကျော်-ဖြတ်ကျော်ပြီး သွားတာပေါ့။ တကယ်လို့များ ကုသိုလ်ကံတွေလုပ်ပြီ ဆိုယင်လည်း အကုသိုလ်ကံကို ဖြတ်ကျော်သွားပြီပေါ့။

ရူပကုသိုလ်ကံလုပ်ပြီ ဆိုယင်လည်း ကာမကံတွေကို ဖြတ်ကျော်သွားပြီပေါ့။ ဒါကြောင့်မို့လို့ ကံတွေဆိုတာ လမ်းတွေပဲ။ ဒကာ ဒကာမတို့ရေ...လမ်းဆိုတဲ့နာမည်က ကံဆိုတဲ့စကားရဲ့နာမည်ပဲလို့ အဲဒီလိုနားလည်ပေးရမယ်ဗျ။ ကံတွေဆိုတာ လမ်းတွေလို့ ဒီလိုပြောရမယ်၊ ဘာလို့ဆို လူလုပ်ဖို့လမ်းတွေဖြစ်လို့၊ လူလုပ်ဖို့လမ်းတွေဖြစ်တဲ့အတွက် ကံတွေကို လမ်းလို့ပြောတာ။ ကံတွေကို လမ်းလို့ပြောတာဖြစ်တဲ့အတွက် ခုနကတုန်းက ရူပကံကိုမသိဘူး ဆိုပါတော့။ ရူပကံဆိုတာ ဘယ်လိုဟာလဲ။ ရူပကံဟာ ဘယ်လိုကြောင့်ဖြစ်တာလဲ။ ရူပကိလေသာဆိုတာ ဘယ်လိုဖြစ်တာလဲ။ ရူပရဲ့အာရုံဆိုတာ ဘယ်လိုဖြစ်တာလဲ။ ကျုပ်တို့ ဗုဒ္ဓဘာသာတွေနော်။ ဟောဒါတွေနဲ့ ပတ်သက်လို့ တော်တော့်ကို နားဝေးပါးဝေးရှိကြတယ်လို့ ဒီလိုပြောရမှာပေါ့နော်။

ကာမကံတွေဆိုတာ ဘယ်လိုဟာတွေတုန်း။ ကာမကိလေသာတွေဆိုတာ ဘယ်လိုဟာတွေတဲ့တုန်း။ ကာမအာရုံတွေ ဆိုတာကကော ဘယ်လိုဟာတွေတဲ့တုန်း။ အို-ကာမအာရုံလည်း မသိဘူး။ ကာမ ကိလေသာလည်း မသိဘူး။ အဲဒီတော့ ကာမကံကို ဘယ်လိုလုပ် သိတော့

မှာတုန်း။ ကာမအာရုံလည်း မသိ၊ ကာမကံလည်း မသိ၊ ကာမ ကိလေသာလည်း မသိဆိုတော့ ကာမဝိပါက်ကျခါမှ ဘယ်လိုလုပ် သိတော့မှာလဲ။

သံသရာဝဋ္ဋဆင်းရဲက လွတ်လပ်ရမယ်

ကာမဝိပါက်မှ မသိဘူးလို့ဆိုယင် ကာမအာရုံလည်း မသိဘူး။ ကာမကိလေသာလည်း မသိဘူး။ ကာမကံလည်း မသိဘူး။ ကာမဝိပါက်လည်း မသိဘူး။ ဒါမသိပလားဆိုမှဖြင့် ကာမသံသရာလည်တာ ကျမှတော့ တစက်ကမှ သိဖို့ မရှိတော့ဘူး။ ဒီလို သံသရာလည်တာမှ မသိနေဘူးဆိုယင် သံသရာလည်ယင် ဒကာ ဒကာမတို့ ရှေးကာလ ကတည်းက ရထားတဲ့ စကားလုံးတခု ရှိပါတယ်။ "သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ" ဆိုပြီးတော့။ ဒကာဒကာမတို့ ကိုယ် ကိုယ်တိုင်တောင်မှ နှုတ်ကနေပီးတော့ လိုက်ပြီးရွတ်ဆို ဖူးလိမ့်မယ် ထင်ပါတယ်။ သံသရာဝဋ္ဋဒုက္ခတော မောစနတ္ထာယနဲ့ ဘုန်းကြီးများက နေပြီးတော့ ကောင်းမှုကုသိုလ်ကလေး တခုခုပြုတိုင်းပြုတိုင်း ရှေ့ကနေပြီးတော့ ချချပေးတယ်။ သံသာရဝဋ္ဋ-သံသရာဝဋ္ဋကနေပြီးတော့၊ ဒုက္ခ-ဆိုတော့ ဆင်းရဲခြင်း၊ ဝဋ္ဋဒုက္ခ-ဝဋ္ဋဆင်းရဲကနေပြီးတော့၊ မောစနတ္ထာယ-လွတ်ဖို့ရန် ဒကာဒကာမတို့ ခု-လွတ်လပ်ဖို့ရာအတွက် ကျုပ်တို့ကနေပြီးတော့ မူတည်ပြီးတော့ ပြောခဲ့တယ်။

ကျုပ်တို့ ဗုဒ္ဓဘာသာတွေနော် လွတ်လပ်ကြရမယ်။ ပစ္စုပ္ပန်ကမ္ဘဝါဒ ဗုဒ္ဓဘာသာဆိုလို့ရှိယင် ဘယ်ဗုဒ္ဓဘာသာ မလွတ်လပ် မလွတ်လပ် ပစ္စုပ္ပန်ကမ္ဘဝါဒ ဗုဒ္ဓဘာသာရယ်လို့ဖြစ်လာပြီဆိုယင် ဒီလူကတော့

လွတ်လပ်ရမယ်။ လွတ်လပ်တဲ့လမ်းကြောင်းပေါ်ကို ဒီလူရောက်နေရမယ်။ လွတ်လပ်ပြီးနေသူ မဟုတ်သေးတောင်မှ လွတ်လပ်တဲ့လမ်းကြောင်းပေါ်ကို ရောက်နေပြီးသကာလ လွတ်လပ်တဲ့လမ်းကြောင်းပေါ် ရောက်နေအောင် ကိုယ့်ကိုကိုယ် တည်ဆောက်နိုင်နေတဲ့လူ ဖြစ်ရမယ်လို့ ဒီလိုဆိုလိုတယ်။ ကျုပ်တို့ ခု ဒီမှာ စုဝေးလာကြတဲ့သူတွေက ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာဝင်တွေပေါ့နော်။ ဒီလူတွေဟာ ဘာဖြစ်ကြရမလဲ။ (လွတ်လပ်ကြရမယ်)။ လွတ်လပ်ကြရမယ်နော်။ သို့မဟုတ် လွတ်လပ်တဲ့လမ်းကြောင်းပေါ်ကို လျှောက်လှမ်းနေတဲ့လူတွေ ဖြစ်ရမယ်။ ဒီလိုပြောတယ်နော်။

အဲဒီတော့ လွတ်လပ်တဲ့လမ်းကြောင်းပေါ်ကို လျှောက်လှမ်းနေတဲ့လူ ဖြစ်နေပြီဆိုယင်တော့ကာ ဘာလွတ်လပ်ရမှာလဲ ဆိုတာတော့ အပြေးအလွှားကလေး ပြောတတ်ဖို့မကောင်းဘူးလားဗျာ။ (ကောင်းပါတယ် ဘုရား)။ ကိုယ်တောင်လွတ်လပ်နေပြီလို့ ဆိုယင် ငါဘာများ လွတ်လပ်တာပါလိမ့်လို့ လုပ်နေသေးယင်တော့ တော်ပါ့မလားဗျာ။ (မတော်ပါဘူး ဘုရား)။ ဝဋ္ဋဆင်းရဲကနေ၊ သံသရာဝဋ္ဋဆင်းရဲကနေ လွတ်မြောက်ရမယ်လို့ ဒီလိုပြောတယ်နော်။ သံသရာဝဋ္ဋဆင်းရဲ ဆိုတာဟာ အာရုံတွေ လည်ပတ်တာပဲ မဟုတ်ဘူးလား။ ခုနင်ကတုန်းက ကာမအာရုံ၊ ရူပအာရုံ၊ အရူပအာရုံ။ တခါ ကိလေသာတွေ။ ကာမကိလေသာ၊ ရူပကိလေသာ၊ အရူပကိလေသာ။ ကံတွေ။ ကာမကံ၊ ရူပကံ၊ အရူပကံတွေ။ ဝိပါက်။ ကာမဝိပါက်၊ ရူပဝိပါက်၊ အရူပဝိပါက်တွေ။ ကဲ-ဒါတွေ သိနေကြရမှာဗျ။

ကိုယ့်မှာပေါက်နေတဲ့ ကိလေသာအပင်ကို သိဖို့လိုတယ်

အောင်မယ်လေးလေး...ဘုန်းကြီးကလည်း တရားဟောနေတာ ဘာတွေလျှောက်ပြောနေပါလိမ့်လို့တော့ မအောက်မေ့ပေးကြနဲ့။ ဆိုလိုတာကတော့ စာတွေဆိုတာက စာထဲပါလို့ စာလို့ပြောတာပါ။ တကယ် ကျုပ်တို့ သိကြရမှာဗျ။ ဥပမာဗျာ...စာထဲပါတာ မဟုတ်လည်း၊ ၄က်ပျောပင်ရှိတယ်၊ ကြံပင်ရှိတယ်၊ ရွက်လှပင်ရှိတယ်၊ မာလကာပင်ရှိတယ်။ ဒါတွေက စာထဲ ပါချင်မှ ပါမှာပါ။ တကယ်ရှိနေတဲ့ဟာတွေ။ တကယ်ရှိနေတဲ့ဟာတွေ ဆိုတော့ ကျုပ်တို့ တကယ်ပဲ သိကြရမှာနော်။ ကျုပ်တို့ ဒကာဒကာမတိုင်း သိတယ်။ မာလကာပင်ကို မာလကာပင်လို့ သိတယ်။ သရက်ပင်ကို သရက်ပင်လို့သိတယ်။ ၄က်ပျောပင်ကို ၄က်ပျောပင်လို့ သိတယ်။ ကျုပ်တို့သိတာတွေ အများကြီး။ အဲဒီ အများကြီး ပတ်ဝန်းကျင်ကဟာတွေ ကျုပ်တို့တွေ သိနေသလို ကျုပ်တို့ကိုယ်ထဲ ဖြစ်တဲ့ဟာတွေကျတော့ ကျုပ်တို့သိတာ နည်းတယ်။

ကျုပ်တို့ကိုယ်ထဲ ဘာတွေဖြစ်သလဲဆိုတော့ ကာမအာရုံတွေလည်း ကျုပ်တို့ အာရုံမပြုဘူးလား။ (ပြုပါတယ် ဘုရား)။ ကာမက်တွေကော ကျုပ်တို့ကနေပြီးတော့ မလုပ်ဘူးလား။ (လုပ်ပါတယ် ဘုရား)။ ကာမကိလေသာတွေလည်း ကျုပ်တို့မပါဘူးလား။(ပါပါတယ် ဘုရား)။ ကာမဝိပါက်တွေကော ကျုပ်တို့မဖြစ်ဘူးလား။ (ဖြစ်ပါတယ် ဘုရား)။ ကာမသံသရာတွေကော ကျုပ်တို့တွေ မကျင်လည်ဘူးလား။ (ကျင်လည်ပါတယ် ဘုရား)။

ကြည့်စမ်း။ ကျုပ်တို့အဖြစ်ကို ကျုပ်တို့သိဖို့ ဟုတ်ပြီနော်။ မာလ

ကာပင်ဆိုတာ ကျုပ်တို့ကျောင်းထဲ စိုက်ထားတယ်။ ကျုပ်တို့လည်တာ မဟုတ်ဘူး ၄က်ပျောပင်ဆိုတာလည်း ကျုပ်တို့စိုက်ထားတာလောက်ပဲ ရှိတယ်။ ကျုပ်တို့ လည်ရအောင် မဟုတ်ဘူး။ အခုတော့ ကိုယ့်ကိုယ်ထဲမှာ ကာမအာရုံတွေကို ကိုယ်အာရုံပြုပြီးတော့ ယူမိတာတွေရှိတယ်။ ကာမကိလေသာတွေကိုလည်း ကျုပ်တို့ကနေပြီးတော့ ဖြစ်ပွားတာတွေ ရှိတယ်။ ကာမဂုဏ်တွေကိုလည်းပဲ ကျုပ်တို့ကနေပြီးတော့ အကြောင်းအားလျော်စွာ ကျုပ်တို့က ပြုလုပ်ပြီးတော့ စိုက်ထားတာရှိတယ်။ ကာမဝိပါက်တွေလည်း အကြောင်းအားလျော်စွာ ဖြစ်ပွားနေတာတွေရှိတယ်။ ကြည့်စမ်း။ ကျုပ်တို့အဖြစ် ပစ္စည်းတွေကျတော့ ကျုပ်တို့တတွေက မသိဘူးလို့ ဆိုပြီးတော့ ကျုပ်တို့ဘေးက သစ်ပင်တွေကို ဒီအပင်ဘာပင်လဲလို့ မသိတာမျိုး ဆိုယင်တော့ ဟာ...မင်း ဒီအပင်လေးတောင် မသိဘူးလားနဲ့ အသရော်ခံရစရာ ရှိတယ်။

အဲဒါလေးကိုမှ မသိယင် ဟင်-ဒါလေးတောင်မသိဘူးလားလို့ အသရော်ခံရစရာ ရှိတယ်။ တကယ်တော့ ကိုယ်ကိုယ်တိုင် အာရုံပြုနေတဲ့ ကာမအာရုံ၊ ကိုယ်ကိုယ်တိုင် အာရုံပြုနေတဲ့ ရူပအာရုံ၊ အရူပအာရုံ။ ဒီအာရုံတွေဟာ ကိုယ်ကိုယ်တိုင် ဖြစ်ပွားနေတဲ့ ကာမကိလေသာ၊ ရူပကိလေသာ၊ အရူပကိလေသာ။ ကိုယ်ဖြစ်နေတာ ဒါမှ ကိုယ်မသိဘူးဆိုလို့ရှိယင် ဘယ်ကိုက်ပါ့မလဲလို့ ဒီလိုပြောရမှာပေါ့နော်။ နောက်တခါ ကာမဝိပါက်၊ ရူပဝိပါက်၊ အရူပဝိပါက်။ ကဲ-ဒါတွေ ကျုပ်တို့မသိယင် ဘယ်ကိုက်ပါ့မလဲဗျာ။ ကျုပ်တို့ ကာမသံသရာ၊ ရူပသံသရာ၊ အရူပသံသရာ ဒါတွေဟာ ကျုပ်တို့ကို စွပ်နေတယ်။ ကျုပ်တို့ကို လာစွပ်နေတာ။ အဲဒီတော့ ကိုယ့်စွပ်နေတဲ့ပစ္စည်းတွေကို ကိုယ်မသိယင် ဘယ်

ကိုက်ပါ့မလဲဗျာ။ နောက်တခါ ကာမသတ္တဝါ၊ ရူပသတ္တဝါ၊ အရူပသတ္တဝါ။ အောင်မယ်လေး...ဒါတွေဟာ စာအုပ်ထဲမှာပဲ နဂိုကရှိလို့ စာအုပ်ထဲကဟာတွေလို့ မမှတ်နဲ့။

စာအုပ်ထဲကစာတွေက လူထဲမှာရှိနေတဲ့ဟာတွေကို အမှတ်ပြုပြီး သင်္ကေတလုပ်ပြီးတော့ စာအုပ်ထဲမှာထည့်ထားတာ။ တကယ်တော့ ဒါတွေက စာအုပ်ထဲကဟာတွေ။ ကာမဝိပါက်၊ ရူပဝိပါက်၊ အရူပဝိပါက်။ ကာမသံသရာ၊ ရူပသံသရာ၊ အရူပသံသရာထဲမှာ လူတွေ လည်နေကြတာ။ ကိုယ်ကိုယ်တိုင် လည်နေကြတာ။ ဒါတွေကို ကျုပ်တို့ကနေပြီးတော့ တစိမ်းပြင်ပြင် ထားထားတဲ့အတွက် ဒီစကားကို ကျုပ်တို့က အခုလို ပြောလာပြီဆိုတော့ ခင်ဗျားတို့နားထဲမှာ စိမ်းတယ်။ ဘုန်းကြီးက စကားစိမ်းတွေ ပြောလိုက်တာလို့ ထင်ချင်စရာ မကောင်းဘူးလားဗျာ။(ထင်သင့်ပါတယ်)။ တကယ်တော့ ဒါတွေဟာ စကားစိမ်းတွေလား၊ တကယ့်ကိုယ်တွင်းဖြစ်တွေလား။ (ကိုယ်တွင်းဖြစ်တွေပါ ဘုရား)။ ကိုယ်တွင်းဖြစ်တွေ။ အဲဒီတော့ ဒီကိုယ်တွင်းဖြစ်တွေကို သိရအောင် လုံးပမ်းပေးကြပါလို့ ဒီလိုပြောရမှာပေါ့နော်။

ပြီးတော့ ဒီလိုလုံးပမ်းပေးကြပါဆိုတာ ကျုပ်တို့လည်း ပြောသင့်သလောက်တော့ ပြောပါတယ်။ ကျုပ်တို့ ပြောသင့်သလောက် ပြောတယ် ဆိုပေမယ့် ကျုပ်တို့ သိပ်တော့ မပြောနိုင်ဘူးလို့ ပြောရမှာပေါ့ဗျ-နော်။ အဲ...ကျုပ်တို့ရဲ့ ကိုယ်ပွားတွေဖြစ်တဲ့ (ဆရာ)ပုဂ္ဂိုလ်တွေဆီ ဆည်းပူးကြပါဗျာ။ ရန်ကုန်သူရန်ကုန်သားတွေဟာ အတော်လေး အဆည်းပူးသန်တယ်လို့ ကျုပ်တို့သိရပါတယ်ဗျာ-နော်။

အဲလိုပဲ ကာမအာရုံဆိုတာ ရူပအာရုံနဲ့ ဘယ်လိုခြားနားသလဲ။ ရူပအာရုံကလည်း အရူပအာရုံနဲ့ ဘယ်လိုခြားနားသလဲ။ ဒါလေးတော့ ကိုယ်အာရုံပြုနေတဲ့ဟာပဲ၊ သရုပ်ကွဲအောင် လုပ်ရမှာပေါ့။ ဒီလိုဆိုယင်တော့ ဒီအာရုံအပေါ်မှာ ကိလေသာ ဖြစ်တယ်ဆိုတော့ ကာမကိလေသာက ဘယ်လိုဖြစ်တယ်ဆိုတာမျိုး ဖြစ်တာလဲ။ ရူပကိလေသာကကော ဘယ်လိုမျိုးဖြစ်တဲ့ စိတ်ဓာတ်မျိုးကို၊ စိတ္တဇမျိုးကို ရူပကိလေသာ ခေါ်သတုန်း။ အရူပကိလေသာဆိုတာကကော ဘယ်လိုစိတ္တဇဖြစ်တဲ့ဟာတုန်း။ အဲဒါလေးတော့ဖြင့်ယင် ကိုယ်ကဗုဒ္ဓဘာသာဖြစ်နေပြီးတော့ ဆည်းပူးဖို့ မကောင်းဘူးလားဗျာ။ (ကောင်းပါတယ်ဘုရား)။ ဆည်းပူးဖို့ တကယ်ကောင်းပါတယ်။ ဒါလေးကို ဆည်းပူးပေးကြပါလို့ ပြောရမှာပေါ့နော်။

က)-အဲဒီလိုမျိုးလို ကာမ၊ရူပ၊အရူပ ကိလေသာတွေ သိပြီဆိုတော့ဟာ ဒီကိလေသာတွေဖြစ်ပြီဆိုမှတော့ ကာမကိလေသာ ဖြစ်ပြီဆိုယင် ကာမက်ကတော့ မလွဲလာပြီ။ အဲ-ရူပကိလေသာဖြစ်ပြီ ဆိုယင်လည်း ရူပက်ကိုလည်း မလွဲလုပ်ပြီ။ အရူပကိလေသာဖြစ်ပြီ ဆိုမှတော့ အရူပက်လည်း မလွဲလုပ်ပြီလို့ ဟောဒီလိုပြောရမယ်ဗျာ။

ကိုယ့်အဖြစ် ကိုယ်လေ့လာရမှာ

တကယ်လို့များ အဲဒီက်တွေကို လုပ်ပြီလို့ဆိုယင် ဝိပါက်တွေကလည်းပဲ ကာမဝိပါက်၊ ရူပဝိပါက်၊ အရူပဝိပါက် ကိုယ်ကိုယ်တိုင်ဖြစ်မှာ။ သူများအဖြစ်တွေကို ကိုယ်ကနေပြီးတော့ လိုက်ပြီးတော့ တခါတည်း လေ့လာနေမှာ မဟုတ်ဘူး။ ကိုယ့်အဖြစ်ကို ကိုယ်လေ့လာ

ရမှာ။ အဲဒီတော့ ကာမက်တွေ၊ ရူပက်တွေ၊ အရူပက်တွေ။ ကာမဝိပါက်တွေ၊ ရူပဝိပါက်တွေ၊ အရူပဝိပါက်တွေ။ ကာမသံသရာတွေ၊ ရူပသံသရာတွေ၊ အရူပသံသရာတွေ။ အဲဒါတွေက ဒကာ ဒကာမတို့ သူများလည်တာကို ပြောရမှာလား၊ ကိုယ်ကိုယ်တိုင်လည်တာကို ပြောရမှာလား။ (ကိုယ်ကိုယ်တိုင်လည်တာကို ပြောရမှာပါဘုရား)။ တကယ်ကိုယ် ကိုယ်တိုင်လည်တာကို ပြောရမှာနော်။

တကယ်တော့ ကိုယ့်ကိုကိုယ် စိတ်ဝင်စားတာဟာလည်းပဲ ဘယ်သူဖြစ်ဖြစ် လူတိုင်းလူတိုင်းဟာ ကိုယ့်ကိုကိုယ် စိတ်အဝင်စားဆုံးပါ။ ကိုယ့်ကိုကိုယ် စိတ်ဝင်စားတယ်ဆိုယင် ကိုယ်ကိုကိုယ်လေးတော့ ဒီလောက်ကလေးတော့ သရုပ်ကွဲဖို့ မကောင်းဘူးလားဗျာ။ (ကောင်းပါတယ်ဘုရား)။ တခြားတခြား ပညာရပ်တွေ အများကြီး သင်ကြားထားကြတာ။ ဆယ့်လေးနှစ်လောက်။ တချို့ ဆယ့်ငါးခြောက်နှစ်လောက်၊ တချို့ ဆယ့်ခုနစ်နှစ်လောက် သင်ရတယ်ဗျာ။ ဥပမာ-မာစတာဘွဲ့ တခုခုကို ရဖို့ဆိုယင် ဆယ့်လေးငါးခြောက်နှစ်၊ ခုနစ်နှစ်လောက်အထိ သင်ရမှာဗျ။

အဲဒီလောက်ကြီးများတောင် ပညာတွေသာ သင်ထားတယ်ဗျာ။ ဟိုက်ဒြိုဂျင်သိအောင် သင်ကောင်းသင်လိမ့်မယ်။ နိုက်ထရိုဂျင် သိအောင် သင်ကောင်းသင်လိမ့်မယ်။ ကာမ၊ရူပ၊အရူပအာရုံတွေကို သိကောင်းမှသိမယ်ဗျ။ ကာမကိလေသာ၊ ရူပကိလေသာ၊ အရူပကိလေသာတွေကို သိကောင်းမှသိမယ်ဗျ။ မသိပေမယ့် ကိုယ်ကနေပြီးတော့ အဲဒါတွေ ထွက်မနေဘူးလား။ (ထွက်နေပါတယ်ဘုရား)။ ကာမက်တွေ၊

ရူပကံတွေ၊ အရူပကံတွေဆိုတာလည်း ကိုယ်ကိုယ်တိုင် လုပ်မနေဘူးလား။ (လုပ်နေပါတယ်ဘုရား)။ လုပ်နေမယ်နော်။ ကာမဝိပါက်၊ ရူပဝိပါက်၊ အရူပဝိပါက်တွေ ဖြစ်ပြီးတော့ ကာမသံသရာ လည်နေတာ။ ရူပသံသရာ လည်နေတာ။ အရူပသံသရာ လည်နေတဲ့ လူဆိုတာက ကိုယ်ကိုယ်တိုင် လည်မနေဘူးလားဗျာ။ (လည်နေပါတယ် ဘုရား)။ ကိုယ့်အဖြစ် စိတ်ဝင်စားရာ အကောင်းဆုံးအဖြစ်။ ဟုတ်ပြီနော်။ အဲဒီ စိတ်ဝင်စားစရာ အကောင်းဆုံး အဖြစ်က လိုလားပြီး စိတ်ဝင်စားရမှာ လားဆိုလို့ ရှိယင် စိတ်ပျက်ပြီး စိတ်ဝင်စားရမှာ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့က လွတ်လပ်ချင်တဲ့လူ။ ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာလို့ ဆိုတာ ဘာဖြစ်ချင်တဲ့လူလဲ။ (လွတ်လပ်ချင်တဲ့လူ)။

လွတ်လပ်သူဆိုတာ ခရီးပေါက်တဲ့သူ

မလွတ်လပ်အောင် ဘယ်သူလုပ်သလဲ။ သံသရာကလုပ်နေတယ်။ သံသရာက ကျုပ်တို့ကို လည်နေတာ။ နွားတကောင်ကို ချည်တိုင်မှာ ချည်ထားမယ်။ ဒါဆိုယင် နွားက ဟိုဟိုဒီဒီ သွားချင်တယ်။ နွားက သွားချင်တဲ့အကောင်ပဲ။ 'ဂစ္ဆတီတိ ဂေါ' ဆိုတဲ့အတိုင်းပဲ။ သွားတတ်တာဟာ နွားလို့ပေါ့။ နွားက သွားတတ်တာပေါ့။ ဒါပေမယ့် ချည်တိုင်မှာ ချည်ထားတဲ့ဟာကြောင့် ဒီချည်တိုင်ပဲ ပတ်ချာလှည့် သွားနေရတယ်။ အဝေးသွားလို့ရလား။ (မရပါဘူးဘုရား)။ အဲဒီလိုပဲ လူကလည်းပဲ လုပ်တတ်တဲ့သတ္တဝါ။ လူဆိုတာ ပြုမူတတ်တဲ့ သတ္တဝါ။ ပြုမူတတ်တဲ့သတ္တဝါ ဖြစ်တဲ့အတိုင်း ကိုယ်ပြုမူတဲ့ဟာက ဒီဟာကနေ ဒီပြန်ပြီးတော့ ရောက်နေပြီ။ ဒီဟာကနေ ဒီပြန်ပြီးတော့ ရောက်ဆိုတာက ဒါ-သံသရာမဟုတ်ဘူးလားဗျာ။ ကဲ-ဒီလိုဖြင့် ဒီလူ ဒီသံသရာက

ခရီးပေါက်ပါ့မလား။ (မပေါက်ပါဘူးဘုရား)။ ဘယ်ခရီးမှ မပေါက်ဘူး။ ဘယ်ခရီးမှ မရောက်ဘူး။ဒီလိုသာဖြင့် ဒီလူ ဘယ်ခရီးမှ မပေါက်ဘူး၊ ဘယ်ခရီးမှ မရောက်ဘူးဆိုယင် ဒီလူ လွတ်လပ်ပြီလား၊ မလွတ်လပ်ဘူးလား။ (မလွတ်လပ်ပါဘူးဘုရား)။

ဒီအတိုင်းပါပဲ။ ကိုယ့်ကိုကိုယ် မလွတ်လပ်တာကလေးကို ဒီလိုနည်းလမ်းလေးနဲ့ မှန်းပြီး သိရမှာဗျ။ ကိုယ့်ကိုကိုယ် ဒီလိုသရုပ်ခွဲပြီး သိရမှာဗျ။ ကျုပ်က ဒီအပိုင်းကိုပြောမယ်ဆိုယင်တော့ ဒီကံတရားက နာကို မနာရဖူးသေးဘူးနေမှာလို့ ဒီလိုပြောရမှာပေါ့နော်။ ဒီကံတရားကို နာကိုမနာရဖူးဘူး။ အဖေတို့အမေတို့ကတော့ ပြောပါတယ်။ 'ဟဲ့... မကောင်းတာတွေ မလုပ်ကြနဲ့ဟဲ့၊ ငရဲလားလိမ့်မယ်ဟဲ့၊ အပါယ်လားလိမ့်မယ်ဟဲ့' နဲ့ မကောင်းတာလောက် ကြားခဲ့တာပဲဗျ။ အဖေတွေ အမေတွေ ဆရာသမားတွေကလည်း ဒါတွေကိုကော အတားမခံရဘူးလား။ (အတားခံရပါတယ်ဘုရား)။ မကောင်းတာ မလုပ်ကြနဲ့ဟဲ့၊ အကုသိုလ်တွေမလုပ်ကြနဲ့ဟဲ့ လို့ကော အတားမခံရဖူးဘူးလား။ (အတားခံရဖူးပါတယ် ဘုရား)။ မခံရဘူးတဲ့သူ တယောက်ကမှ ရှိမှာ မဟုတ်ဘူး။ အကုန်လုံး အတားခံရဖူးမှာနော်။ အပါယ်ကျမယ့်ဟာလောက်ပဲ သူတို့တွေက တားကြတာဗျနော်။

အပါယ်ကျမယ့်ဟာလောက် တားတာကတော့ ဘာပြုလို့ တားတာတုန်းဆိုတော့ သူကောင်းစေဖို့။ သူလုပ်တဲ့အတွက် အပါယ်ကို ကျမယ်လို့သာ ပြောတာ။ သူက လုပ်ရတာ ကောင်းတယ်ဗျ၊ ဘာဖြစ်လို့လဲဆိုတော့ သူများပစ္စည်းပဲခိုးခိုး၊ သူများပဲလိမ်လိမ်၊ သူကနေပြီးတော့

သူ့ကိုယ်သူ အကောင်းလို့ထင်တာ ဖြစ်တဲ့အတွက်ကြောင့် သူကောင်းတယ်ဗျ။

သူကောင်းတော့ ကလေးဆိုတော့ သူကြိုက်တာပေါ့၊ ကိုယ်ကောင်းတာကို ကိုယ်ကြိုက်တာပေါ့။ ကိုယ်ကြိုက်တဲ့အခါကျတော့ အဲ-ကိုယ်ကြိုက်လို့ ကိုယ်လုပ်ပေမယ့် သူများကတော့ အနစ်နာခံရမှာ။ သူများ အနစ်နာခံရမှာဆိုယင်တော့ သူများက ကြာရှည်တော့ ခံနိုင်မှာ မဟုတ်ဘူး။ ကြာရှည်မခံနိုင်ယင်တော့ မင်းကို မတတ်နိုင်တော့တဲ့ တနေ့မှာ ချောင်းပြီးတော့ ရိုက်လိုက်တာ မင်းခံရပြီး ဒုက္ခရောက်လိမ့်မယ်၊ ချောင်းပြီးသတ်လိုက်တာကို မင်းခံရပြီးတော့ ဒုက္ခရောက်လိမ့်မယ်။ ကိုယ့်သားလေး အဲသလိုမျိုး အရိုက်ခံရမှာ၊ အသတ်ခံရမှာ စိုးရိမ်တဲ့အတွက်ကြောင့် အပါယ်လားလိမ့်မယ်၊ အဲဒါမျိုးတွေမလုပ်ကြနဲ့လို့ အမေ၊အဖေတို့က သွန်သင်တာ။

ကိုယ့်အပူးခံနေရတဲ့စကား မပြောပါနဲ့

တကယ်တော့ ကျုပ်တို့ရှောင်ရမှာ...လွတ်လပ်ရမှာက မကောင်းတဲ့ အကုသိုလ်လေးတွေတင် ဟုတ်ရဲ့လား။(မဟုတ်ပါ ဘုရား)။ မဟုတ်ဘူးနော်။ ကောင်းမှုကုသိုလ်ဆိုတဲ့ ခုနတုန်းက မသိနိုးနားနဲ့ လုပ်နေတဲ့၊ ပြောမယ်ဆိုယင်တော့ ကျုပ်ကပြောမိတတ်တဲ့ အလေ့အထ ရှိတယ်ဗျ။ ဘယ်လို ပြောမိတတ်တုန်းဆိုတော့ နတ်ပူးတယ်လို့ဆိုတဲ့ လူဟာ နတ်စကားတွေ ပြောတတ်တယ်။ စုန်းပူးတဲ့ လူဟာလည်း စုန်းစကားတွေပြောတတ်တယ်လို့။ ဘီလူးပူးတယ်ဆိုတဲ့လူက ဘီလူး စကားတွေ ပြောတတ်တယ်။ သရဲပူးတယ် ဆိုသူကလည်း သရဲစကားတွေပဲ ပြော

တယ်လို့ သူ့ကိုယ်ပိုင်မှုရင်းစကား မပြောဘူး။ ဗမာစကား ဆိုယင်တော့ ဗမာစကားတော့ ပြောတာပေါ့။ မှုရင်းစကားဆိုတာတော့ မှုရင်း သူသိနေတဲ့ သူ့အဖြစ်နဲ့စပ်လျဉ်းတဲ့ဟာ မပြောဘူး။ အရက်မူးနေတဲ့သူက အရက်မူးစကား ပြောသလိုပေါ့ဗျာ။ နတ်ပူးနေတဲ့လူက နတ်ပူးစကား ပြောတယ်။ စုန်းပူးနေတဲ့လူက စုန်းပူးစကား ပြောတယ်။ အဲဒီလို မဟုတ်ဘဲနဲ့ ဘာသာရေး ပူးနေတဲ့သူကျတော့ကော ဘာစကား ပြောမယ်တဲ့လဲ။ (ဘာသာရေးစကားပါ ဘုရား)။ ဘာသာရေးစကားပဲ ပြောမှာပေါ့ဗျာ။ စောစောက ဘိုးကျော်သိန်းကလည်း ဘာသာရေးစကားပဲ ပြောသွားတယ်။ မပြောစမ်းပါနဲ့လို့ ဒီလိုဘာသာရေး စကားတွေကို ကျုပ်က ဒီလိုပြောချင်တယ်ဗျာ။

ဘုန်းကြီးကတော့ သူတော့ပြောနေပြီးတော့...တခါတည်း။ သူကတော့ တခါတည်း မဝတမ်း ပြောနေတယ်ပေါ့နော်။ သူများပြောတာကျတော့ တခါတည်း တားနေတယ်လို့ ဒီလိုမအောက်မေ့ မပြောစေချင်ဘူးဗျာ။ ဘာသာရေးစကားတွေ မပြောနဲ့၊ ဒီလိုပဲပြောချင်တယ်။ တကယ် အလုပ်ဖြစ်မယ့်ဟာ ပြောကြ။ အခု ခင်ဗျားတို့ကို ကျုပ်က အလုပ်ဖြစ်မယ့်ဟာ ပြောနေတာနော်။ ခင်ဗျားတို့ကို ဘာဖြစ်စေချင်တာတဲ့လဲ။ လွတ်လပ်စေချင်တာ။ ခင်ဗျားတို့လွတ်လပ်ဖို့အတွက် ကျုပ်ကနေပြီးတော့ ဆုလာဘ်အဖြစ်နဲ့ ကျုပ်ကနေပြီးတော့ ရစေချင်တာ။ ဘာပြုလို့ ဆိုတော့ ကျုပ်တို့ကိုတောင်မှ ကန်တော့စရာတွေ ဆိုပြီးတော့ ကျေးဇူးရှိလှတယ်ဆိုပြီး ခင်ဗျားတို့ကနေပြီး ပူဇော်ကြတာဆိုတော့ ပူဇော်တဲ့ အနေနဲ့ ကျုပ်တို့က ဆုလာဘ်ကို ပေးလိုက်ချင်တာပေါ့။

ပေးလိုက်ချင်တော့ ဘာလုပ်ရမှာတုန်းဆို ခင်ဗျားတို့ လွတ်လပ်စေချင်တယ်။ လွတ်လပ်စေချင်တော့ ခင်ဗျားတို့ ဘာက မလွတ်လပ်တာတုန်းဆိုတော့ ဟောဒီသံသရာက မလွတ်လပ်နေတာ။ ဘာက မလွတ်လပ်နေတာတဲ့လဲ။ (သံသရာကပါ)။ သံသရာက ခင်ဗျားတို့ကို ချုပ်တည်းပြီးတော့ ချုပ်ညှဉ်းနေတာ။ သံသရာက ခင်ဗျားတို့ဆီ ရှိနေယင်တော့။ အကုသိုလ်သံသရာ ရှိယင်လည်း ခင်ဗျားတို့တွေ မလွတ်လပ်ဘူး။ ကုသိုလ်သံသရာ ရှိယင်ကော။ (မလွတ်လပ်ပါဘူးဘုရား)။ မလွတ်လပ်ဘူး။ အဲဒီတော့ ကုသိုလ်သံသရာ၊ အကုသိုလ်သံသရာ ဆိုတာတွေက လုပ်ကောင်းတဲ့အရာတွေလား ဆိုတာ ကျုပ်တို့ ဗုဒ္ဓဘာသာတွေ မသိဘူး။ဘယ်သူ့ခေါ်မေးကြမလဲ။ ဒကာ ဒကာမတို့ ကုသိုလ်ရော၊အကုသိုလ်ရောဆိုတဲ့ သံသရာတွေက လုပ်ကောင်းတဲ့အရာတွေတဲ့လား၊ မလုပ်ကောင်းတဲ့အရာတွေတဲ့လား။ (မလုပ်ကောင်းတဲ့ အရာတွေပါ)။တကယ်တော့လည်း သံသာရ ဝဋ္ဋ ဒုက္ခတော-သံသရာဝဋ္ဋ ဆင်းရဲဘေးအပေါင်းမှ၊ မောစနတ္ထာယ-ကျွတ်လွတ်ထွက်မြောက်ပါရခြင်း အကျိုးငှာနဲ့ ကျုပ်တို့လုပ်,လုပ်မလာခဲ့ကြဘူးလား။ (လုပ်ခဲ့ကြပါတယ်ဘုရား)။

အေး...ကုသိုလ်ကကော သံသရာမလည်ဘူးလား။ (လည်ပါတယ် ဘုရား)။ လည်တာဗျ။ အဲဒီတော့ ဒီသံသရာက ကျုပ်တို့ စွပ်နေပြီ။။ကျုပ်တို့ကို တုပ်နှောင်နေပြီ။ ကျုပ်တို့ကို ချုပ်မြှေးပြီးနေပြီဆိုယင် ကျုပ်တို့ လွတ်လပ်ပါ့မလား။ (မလွတ်လပ်ပါဘူး ဘုရား)။ မလွတ်လပ်တော့ အဲဒီကုသိုလ်တွေ ကျုပ်တို့သိရမှာဗျ၊ ဒီကုသိုလ်ကလည်းပဲ ကျုပ်တို့လုပ်တာမှ မဟုတ်ဘဲ၊ ပူးပြီးလုပ်နေတာ။ ဟုတ်ပြီနော်။ ရှေ့လုပ်တဲ့

ဟာက နောက်လုပ်တဲ့ဟာကို ဖြစ်ပေးနေတာ ဗျ-နော။ အဲဒီလိုဖြစ်တဲ့အတွက် ဟောဒီသံသရာကို ကျုပ်တို့ ပြောနေတာ။ ဒါကို လေ့လာရမယ်။ ခင်ဗျားတို့ကို ပြောနေတာ။ ဘာပြုလို့ဆို လွတ်လပ်ချင်တယ်ဆိုယင် လွတ်လပ်ပါစေဘုရား-လွတ်လပ်ပါစေဘုရားလို့ ဆုလေးတောင်းနေရုံနဲ့ လွတ်လပ်ပါ့မလား။ (မလွတ်လပ်ပါ ဘုရား)။ မလွတ်လပ်ဘူး။

ဩော်...ဒို့ မလွတ်လပ်ခြင်းကတော့ဖြင့် သံသရာထွက်ရေးလို့ ကျုပ်တို့က အသံပေးလိုက်တဲ့အခါကျတော့ ဒီသံသရာကလည်းပဲ အကုသိုလ် လုပ်ယင်လည်း သံသရာတွေလည်တယ်၊ ကာမ၊ရူပ၊အရူပလို့ ဆိုတဲ့ ကုသိုလ်တွေလုပ်ယင်လည်း သံသရာတွေလည်တယ်။ အဲဒီ သံသရာ လည်ပြီလို့ဆိုတော့ အကုသိုလ်မှ သံသရာလည်တာ မဟုတ်ဘဲနဲ့ ကုသိုလ်ပြုလည်း သံသရာလည်တယ်လို့ဆိုတော့ အကုသိုလ်နဲ့ ကုသိုလ်က လူကိုတုပ်နှောင်တာခြင်း မတူဘူးလား၊ တူသလား။ (တူပါတယ်ဘုရား)။ တူတယ်နော်။

ကိုယ့်မိဘဆရာသမားတို့က "ဟဲ့-အကုသိုလ်မလုပ်ကြနဲ့၊ အကုသိုလ် မလုပ်ကြနဲ့"လို့ ပြောကြတာက သံသရာလည်တာကို သိလို့ မဟုတ်ဘူးနော်။ သံသရာလည်တာကို သိလို့ မဟုတ်ဘူး။ လက်စားချေခံရမှာစိုးလို့။ ကိုယ့်သားသမီးက သူများကလေးတွေကို လျှောက်ပြီးတော့ မဟုတ်က-ဟုတ်ကတွေနဲ့ တခါတည်း နိုင်ထက်စီးနင်းလုပ်ပြီးတော့ တံတွေးတွေနဲ့ ပက်တာတွေ၊ ခြေထောက်တွေနဲ့ ကန်တာတွေ လျှောက်လုပ်နေမယ်ဆိုယင် တနေ့တော့ ဒီကောင်လေးကို လူဆိုးကလေး

ဆိုပြီးတော့ ဝိုင်းအုံပြီးတော့ကာ ဖိလိုက်မှာစိုးလို့၊ ကိုယ့်သားလေး ခံရမှာစိုးလို့ပဲ။ သူတို့ သံသရာကို သိရဲ့လား။ (မသိပါဘုရား)၊ မသိဘူးနော်။ သံသရာကို ကျုပ်ကပြောတယ်။ သြကာသ သြကာသ သြကာသ... ကာယကံ၊ဝစီကံ၊မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ ကိုတဲ့၊ အပြစ်ဆိုတာဘာတုန်း သူက မေးတယ်။

ဘယ်သူမှ မသိဘူး။ အပြစ်ဆိုတာ ဘာတုန်းလို့ ဘယ်သူမှ မသိဘူး။ တကယ်တော့ အပြစ်ဆိုတာက အကုသိုလ်ရဲ့ မကောင်းတဲ့ အကျိုးတွေကို အပြစ်လို့ပြောတာ မဟုတ်ဘူး။ ဟုတ်ပြီနော်။ အပြစ်ဆိုတာ သံသရာလည်ပြီး သူ့ပတ်နေတာ။ အဲဒါ အပြစ်။ သံသရာလည်တာဟာ အပြစ်ပဲဗျာ။ ဒါဆိုတော့ ကိုယ်က အကုသိုလ်လုပ်ယင်တော့ ကိုယ်က အကုသိုလ်လုပ်ယင်နော်။ ကိုယ်က အကုသိုလ်ကောင်းကြီးက ဖြစ်သွားပြီးတော့ ဒီအကုသိုလ်ကောင်းကြီးတော့ နှိမ်ကြအောင်ဟော့လို့ တယောက်အားနဲ့ မနိုင်လို့ရှိယင် ဆယ်ယောက်အားနဲ့စုပြီးတော့ ချတဲ့အခါ ကိုယ်ခံရမှာ မဟုတ်လားဗျာ။ ဒါက အကုသိုလ်အပြစ် မဟုတ်ဘူးလို့ ဒီလိုပြောကြစို့နော်။ အကုသိုလ်ရဲ့အပြစ်က သံသရာ။ အဲဒီလိုပဲ အကုသိုလ်က ဘာပြုလို့ အပြစ်ဖြစ်တာလဲ။ သံသရာလည်စေလို့ အပြစ်ဖြစ်တာ။

ကိုယ့်စိတ်ကလေးနဲ့ ကိုယ်လုပ်စမ်းပါ

ဒီလိုဆိုယင် ကာမ၊ရူပ၊အရူပ ကုသိုလ်တွေကကော သံသရာ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်)။ ဖြစ်တယ်ဆိုတော့ သူကော အပြစ်မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ အတူတူပဲနော်။ အဲဒီလိုဆိုတော့ ဒီ

အကုသိုလ်တွေ မလုပ်ရဘူး။ ကာမကုသိုလ်တွေ မလုပ်ရဘူး။ ရူပကုသိုလ်တွေ မလုပ်ရဘူး။ ကာမကုသိုလ်တွေ၊ ရူပကုသိုလ်တွေ မလုပ်ရဘူးလို့ ဆိုတော့ သူများကို မပေးရ မကမ်းရတော့ဘူးလား၊ မကူရ မညီရတော့ဘူးလား၊ မစောင့်ရ မရှောက်ရတော့ဘူးလား။ ကူရ ညီရမှာပေါ့။ စောင့်ရ ရှောက်ရမှာပေါ့။ ကိုယ့်စိတ်ကလေးနဲ့ ကိုယ်လုပ်စမ်းပါ။ ကိုယ့်စိတ်ကလေးနဲ့ ကိုယ်လုပ်စမ်းပါဆိုတာက လွတ်လွတ်စိတ်လေးနဲ့ လုပ်စမ်းပါ။ ဘာပြုလို့ ကူညီတာလဲ။ ကူညီထိုက်နေတဲ့ အကြောင်းအရာကို ပြောပြစမ်းပါ။ ဘာပြုလို့ စောင်မတာလဲ။ စောင်မထိုက်နေတဲ့ အကြောင်းအရာကို ပြောပြစမ်းပါ။

မပြောပြတတ်ဘဲနဲ့ စောင်မချင်လို့ကို စောင်မတာ၊ ကူညီချင်လို့ကို ကူညီတာဆိုယင်တော့ ကိလေသာနဲ့လုပ်တာလို့ ဒီလို ပြောရမှာပေါ့နော်။ ကိလေသာနဲ့ လုပ်လိုက်တာက ကံ။ ကိလေသာမပါဘဲနဲ့ သူ့ကို ချစ်လို့လည်းမဟုတ်ဘူး၊ မုန်းလို့လည်း မဟုတ်ဘူး၊ ကြောက်လို့လည်း မဟုတ်ဘူး၊ ကူညီထိုက်နေတဲ့ အနေအထား၊ သူ လူသားတယောက်၊ ကိုယ်လည်း လူသားတယောက်၊ ငါ့မှာ ဘာတာဝန်မရှိဘူး၊ သူ့မှာ ဝန်ကြီး တအားပိနေတယ်၊ ဒါဆိုယင် ငါနည်းနည်း သူ့ကူလိုက်မယ်။ ကူရမှာပေါ့။ ကူလိုက်မှ သူ ဒီဝန်ပိတာ နည်းနည်းသက်သာပြီးတော့ သူ ဆိုတဲ့လူလေးက အသက်ရှင်သွားမှာပေါ့။ ဒီလို အသက်ရှင်သွားမှလည်း တနေ့ကျတော့လည်းပဲ လူသားဆိုတဲ့ဟာက တယောက်နဲ့ တယောက်ဟာ အဖိုးတန်တာဆိုတော့လည်းပဲ စည်းစည်းလုံးလုံးနဲ့ နေကြထိုင်ကြတဲ့အဖြစ် ရောက်မှာဆိုတော့ ကိုယ်က အဲသလိုမျိုးလေး အသိလေးနဲ့ လုပ်ရမှာ။

ကူညီတာတို့၊ စောင့်ရှောက်တာတို့၊ ပေးကမ်းတာတို့ ဆိုတဲ့ဟာတွေက ပြောမယ်ဆိုလို့ရှိယင် ဒါ ကံမမြောက်ဘူး။ ဘာကံမှ မမြောက်ဘူး။ ဘာကိလေသာမှ မပါဘဲ လုပ်တာဖြစ်တဲ့အတွက် ပေးတာဟာ ကိလေသာမပါဘဲနဲ့ ပေးပါ။ ကူတာလည်း ကိလေသာမပါဘဲနဲ့ ကူပါ။ အဲ...သူများရဲ့အသက်ကို လွတ်တာတို့၊ သူများဥစ္စာကို မခိုးဘဲနဲ့ နေတာတို့ဆိုတာ ကိလေသာမပါဘဲနဲ့ နေပါ။ အဲသလို ပြောရမှာပေါ့နော်။ အဲဒီတော့ ကိလေသာနဲ့လုပ်ယင်တော့ အကုန်လုံး ကံတွေ ဖြစ်ကုန်ပြီ။ အဲ...ကံတွေဖြစ်ယင်တော့ ဝိပါက်တွေ အကုန်ရောက်ကုန်ပြီ။ ဝိပါက်တွေလည်း ဖြစ်ပြီဆိုယင်တော့ ကိလေသာကလည်း ထပ်ပြီး အကုန်ပေါက်ကုန်ပြီ။ အဲ . . .ကိလေသာကလည်း ထပ်ပေါက်ပြီဆိုယင်တော့ ကံတွေမြောက်ပြီး ဝိပါက်တွေရောက်ပြီးတော့ သံသရာမလည်ဘူးလား။ (လည်ပါတယ်ဘုရား)။ ကုသိုလ်ကလည်း လည်မှာဆိုတော့ ကုသိုလ်လည်လည်း ဒီလူကတော့ မလွတ်လပ်တာပဲ။

ဘယ်ကြိုးရဲ့အတုပ်နှောင်မှ မခံရစေနဲ့

ဥပမာ-ခင်ဗျားတို့ကို အုန်းဆံကြိုးကြီးနဲ့ တုပ်ထားယင် ခင်ဗျားတို့ လှုပ်နိုင်ပါ့မလား။ (မလှုပ်နိုင်ပါဘူး)။ ငွေကြိုးကြီးနဲ့ တုပ်ထားရင်လည်း ခင်ဗျားတို့ လှုပ်နိုင်ပါ့မလား။ (မလှုပ်နိုင်ပါဘူးဘုရား)။ ရွှေကြိုးကြီးနဲ့ တုပ်ထားရင်ကော ခင်ဗျားတို့ လှုပ်နိုင်ပါ့မလား။ (မလှုပ်နိုင်ပါဘူးဘုရား)။ အို...ရွှေကြိုးနဲ့သာဖြင့် ကျုပ်တို့က အတုပ်ခံနိုင်ပါရဲ့ဆိုပြီး တုပ်ထားခဲ့ယင် မဖြည်တော့ဘူးဆို ဒီလူသေမှာနော်။ ရွှေကြိုးကြီးနဲ့ တုပ်ထားလည်း (သေမှာပဲ)။ ငွေကြိုးကြီးနဲ့တုပ်ထားလည်း ဒီလူ သေမှာပဲဗျနော။ အဲဒီတော့ ဘယ်ကြိုးနဲ့အတုပ်ခံရခံရ၊ အုန်းဆံကြိုးလို

အလကားကြိုးနဲ့ အတုပ်ခံရမှ မလွတ်လပ်တာ မဟုတ်ဘူး။ ရွှေကြိုးကြီးနဲ့ အတုပ်ခံရမှ မလွတ်လပ်တာ မဟုတ်ဘူး။ ငွေကြိုးကြီးနဲ့ အတုပ်ခံရမှ မလွတ်လပ်တာလည်း မဟုတ်ဘူး။

အဲဒီတော့ အကုသိုလ်ကံနဲ့ မလွတ်လပ်တာလေးမှ မလွတ်လပ်တာ မဟုတ်ဘူး။ ကာမကုသိုလ်ကံနဲ့ မလွတ်လပ်တာလည်း မလွတ်လပ်တာ မဟုတ်ဘူး။ ရူပကုသိုလ်ကံ၊ အရူပကုသိုလ်ကံတွေနဲ့ မလွတ်လပ်တာလည်း မလွတ်လပ်ဘူးပဲ။ အဲဒီလို မလွတ်လပ်တာ ဖြစ်တဲ့အတွက် အပြစ်လို့ပြောတာ။ ကံတွေက ကာယကံ၊ ဝစီကံ၊ မနောကံ သဗ္ဗဒေါသ-ခပ်သိမ်းသောအပြစ်တို့ကို ဆိုတာ ကာယကံနဲ့သံသရာလည်တဲ့အပြစ်၊ ဝစီကံနဲ့သံသရာလည်တဲ့အပြစ်၊ မနောကံနဲ့ သံသရာလည်တဲ့အပြစ်။ အဲဒီလို သံသရာလည်တဲ့အတွက် ဒီလူ လွတ်လပ်သေးလား။ (မလွတ်လပ်ပါဘူးဘုရား)။ အဲဒါကြောင့်မို့လို့ အပြစ်လို့ ပြောတာ။ ကံတွေ အပြစ်ဖြစ်တယ်။ ကံတွေအပြစ်ဖြစ်တယ်၊ ကံတွေ အပြစ်ဖြစ်တော့ ခင်ဗျားတို့က မလွတ်လပ်တော့ဘူး။ တကယ်လို့များ ခင်ဗျားတို့က လူတယောက်ယောက်ကို ကြင်နာသနားပြီး ပေးကမ်းကြည့်။ ဘာမှမဟုတ်ဘဲနဲ့ ပေးကမ်းကြည့်။ ပေးကမ်းကြည့်တော့ ဘာဖြစ်တုန်းဆို နောက်လည်းပေးကမ်းချင်မှာပဲ။ နောက်ပေးကမ်းချင်တော့လည်း ထပ်ပေးကမ်းမှာပဲ။ ပေးကမ်းတော့လည်းပဲ နောက်တခါ ဒို့ထက်ပိုပြီး ပေးကမ်းချင်မှာပဲ။

ကျုပ်တို့ဓမ္မဆရာကြီး ဦးရန်အောင်ဗျာ။ သူငယ်ငယ်တုန်းက သီလရှင်တွေကို ဆန်လောင်းခဲ့တယ်။ ဆန်စိမ်းလောင်းတယ်။ ဆန်လေး

လောင်းတော့ သူ့အမေက လက်ကလေးကိုကိုင်ပြီးတော့ သီလရှင်လောင်းမယ့် ဆန်ဇွန်းကလေးကိုကိုင်ပြီး ဒီလို လောင်းတာပေါ့နော်။ အဲဒီတော့ သူကနေပြီးတော့ အောင်မယ်...သီလရှင်လာယင် ဒီလိုပဲ ဆန်လောင်းတယ် ဖြစ်နေပြီပေါ့နော်။ သီလရှင်လာရင် သူပဲ ဆန်လှူမယ်ဆိုတာ ဖြစ်နေတော့ ဒါနဲ့ သူကတော့ ကြီးလာပြီးတော့ တက္ကသိုလ်ကျောင်းသားတွေ ဘာတွေဖြစ်။ ကျောင်းဆရာတွေ ဘာတွေ ဖြစ်သွားပြီပေါ့။ နောက်တော့ အိမ်ထောင်တွေဘာတွေကျ။ အိမ်ထောင်ကျပြီးတော့ သားလေး ၂ယောက်လည်း မွေးလာ။ အံမယ်...သူ့သားလေးတွေကို သူငယ်ငယ်တုန်းကလိုပဲ ဆန်လောင်းစေချင်တယ်တဲ့ဗျာ-ကဲ...။

သူတို့ရပ်ကွက်မှာ သီလရှင်မရှိဘူး။ သာ ကေတမှာ တချိန်တုန်းက ပေါ့နော်။ ခုတော့ ပေါပါတယ်နဲ့ တူပါတယ်ဗျာ။ သီလရှင်မရှိတော့ ဘယ်မှာသွားရှိတုန်းဆို အလုံမှာမှ သီလရှင်ရှိတာ။ အလုံမှာ သီလရှင်ရှိတော့ အလုံသီလရှင်တွေကို သွားပြီးဖိတ်။ ကြည့်စမ်းဗျာ။ ဝဋ်မျိုးဘယ်လောက်များ လိုက်,လိုက်သလဲဆိုတာနော်။ ငယ်ငယ်တုန်းက သူ ဆန်လောင်းခဲ့တာလေးမှီပြီး သကာလ ကိုယ့်ကလေးတွေ ပေါ်လာတော့ ကိုယ့်ကလေးတွေကိုလည်း ကိုယ့်တုန်းကလိုပဲ လောင်းစေချင်တယ်ပေါ့ဗျာ။

သီလရှင်က မရှိတော့ အလုံသွားဖိတ်။ "အမယ်လေး... ဆရာလေးတို့က ဝေးလွန်းတယ်၊ မလာနိုင်ဘူး" လို့ သီလရှင်တွေက ပြောလိုက်တော့ ကျွန်တော် ကားငှားပေးပါ့မယ်ဆိုပြီး သူက ကားငှားပေးတယ်။ အခုခေတ်သာဆို ကားခက(၃၀၀၀/)လောက် ပေးရမှာဗျနော်။

အလုံကဆိုတော့ သုံးထောင်တောင် ကမှာ မဟုတ်ပါဘူး။ ကားကြီးနေမှာကိုး။ ဟုတ်လား။ အဲဒီ ကားငှားပေးပြီးတော့ အိမ်ရောက်လို့ရှိယင် ဖျော်ရည်တွေဘာတွေနဲ့ ဧည့်ခံသေးတယ်။ သီလရှင်တွေကို။ ဧည့်ခံပြီးတော့ သီလရှင်တွေကို အရပ်ထဲကို ဆွမ်းဆန်ခံ လိုက်ပို့ရသေးတယ်။ နောက်ပြီး သီလရှင်တွေကို ကိုယ့်အိမ်ကနေပြီး ဆွမ်းဆန်၊ နို့ဆီဘူး တစ်လုံးနှစ်လုံး စသည် သီလရှင်တပါးစီကို ပိုပိုမိုမို လောင်းလိုက်ရမှာပေါ့နော။ ဆိုလိုတာကတော့ ဝဋ်လိုက်တာအကြောင်း ပြောတာနော်။

ပေးထိုက်တာပေး မပေးထိုက်တာမပေးမိစေနဲ့

ဝဋ်ဆိုတာက ကျုပ်တို့ပေးတာက ကောင်းမှုပဲ။ ပေးတာဟာ ကုသိုလ်ကောင်းမှုပဲ မဟုတ်ဘူးလားဗျာ။ (ဟုတ်ပါတယ် ဘုရား)။ ဒီကုသိုလ်ကကော ဝဋ်မလိုက်ဘူးလား။ (လိုက်ပါတယ်)။ ဝဋ်လိုက်တယ်ဗျ။ ဝဋ်လိုက်တာမှ အဲဒီလိုမျိုးကြီးကို လိုက်တာဗျာ။ ဒါ-အဲဒီတော့...ဆိုလိုတာကတော့ မပေးထိုက်ဘဲနဲ့များ မပေးမိလိုက်ကြပါစေနဲ့။ ဒါလေး ပြောရမယ်ဗျာ။ ပေးထိုက်တာဆိုယင်တော့ မပေးမိဘဲကို မနေမိကြပါစေနဲ့။ ဒါလေးလည်း ကျုပ်တို့ကနေပြီးတော့ ပြောရမှာပေါ့နော်။ ဘာလို့ဆို ကျုပ်တို့ ဒါလေးကို ဒီသခ်ိန်းစာလေးကို ပြန်ပြောကြရအောင်။ မပေးထိုက်တာဆိုယင် (မပေးမိလိုက်ကြပါစေနဲ့)။ ပေးထိုက်တာ ဆိုယင်လည်း မပေးမိဘဲကို မနေလိုက်ကြပါစေနဲ့လို့။ ဒါလေးလည်း ကျုပ်တို့က ပြောရမှာပေါ့နော်။

ပေးထိုက်တာဆိုယင် ပေးကို ပေးရမယ်။ ပေးထိုက်တာ မပေးယင်လည်း ဟုတ်ပြီနော်။ ပေးထိုက်လျက်သားနဲ့ မပေးဘူးဆိုယင်လည်း

အဲဒါလည်းပဲ သီလပျက်တယ်ဗျ။ ဟုတ်ပြီနော်။ ဘာသီလ ပျက်တာလဲ လို့ ဆိုယင် စာရိတ္တသီလပျက်တာဗျ။ ဟုတ်ပြီနော်။ ပါဏာတိပါတကံ လေး ချိုးဖောက်လို့ သီလပျက်တာ မဟုတ်ဘူးနော်။ ပေးထိုက်တာ မပေးမိယင်လည်းပဲ စာရိတ္တသီလပျက်တယ်။ မပေးထိုက်တာကို ပေးမိ ပြန်ယင်လည်း စာရိတ္တသီလပျက်တယ်လို့ ဒီလိုပြောရမှာပေါ့နော်။

အဲဒီတော့ လူဟာနော် ကိုယ့်အတိုင်းအတာ ပမာဏမှန်လေးနဲ့ သိဖို့ မလိုဘူးလား။ (လိုပါတယ်ဘုရား)။ လိုတယ်နော်။ တကယ်လို့များ ပမာဏမှန်လေးနဲ့ မသိဘူးဆိုလို့ရှိယင် ဟိုလူ့အတုယူ၊ ဒီလူ့အတုယူ ကိုယ်လုပ်မိတဲ့ ဟာကလေးကို ကိုယ်ကနေပြီးတော့ ကွင်းကလေး စွပ်နေတော့ ဒါလေးကိုချည်းပဲ ဆက်ကာဆက်ကာ လုပ်နေမိယင် ဒီလူ သံသရာထဲမှာ မမျောဘူးလား။ (မျောပါတယ်ဘုရား)။ မျောတယ်ဗျ။ ဒီသံသရာထဲ မျောယင်ဖြင့် ဘာကလုပ်လို့ မသိဘူးကွာ၊ ငါလုပ်လိုက် သမျှ ဖြစ်ကိုမဖြစ်ဘူးနဲ့။ ငါ့ အကုသိုလ်တွေများ ဝင်နေသလားမသိဘူးနဲ့ ဘာနဲ့။ ဟိုငြိုးဒီငြိုး မငြိုးရပေဘူးလား။ (ငြိုးရပါတယ် ဘုရား)။ ငြိုးရတယ်ဗျ။ အဲဒီတော့ ပြောမယ်ဆိုယင် ဒီလူဟာ လွတ်လပ်သေးရဲ့ လား။ (မလွတ်လပ်ပါဘုရား)။ မလွတ်လပ်ဘူးဗျ။ အဲဒီတော့ ကျုပ်တို့ က အခု ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာဝင် တတွေနော်။ ဒါ ကျုပ်တို့ ဓမ္မဝိဟာရီကို ပူဇော်ကြတယ်ဆိုပြီးတော့ တခုတ်တရ ပူဇော်ပွဲကြီး လုပ်ပြီး ပူဇော်ကြတဲ့အခါမှာ ကျုပ်တို့ကနေပြီးတော့ ခင်ဗျားတို့ကို ဆုပေးရမယ်။

မလွတ်လပ်တာက သံသရာပဲ

ဘာဆုပေးရမှာလဲ ဆိုတော့ အဲ-ကျုပ်တို့ ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓ ဘာသာဝင်တွေရဲ့ ပန်းတိုင်ဟာဘာလဲ။ တခုတည်းပဲ။ ဘာလဲ။ (လွတ် လပ်ဖို့ပါဘုရား)။ လွတ်လပ်ဖို့ပဲဗျ။ အဲဒီ လွတ်လပ်ဖို့လို့ဆိုတာကလည်း ပါးစပ် လွတ်လပ်ဖို့လား။ တကယ်ပဲ လွတ်လပ်ဖို့ရာအတွက်ဖြင့် ဒို့က လွတ်လပ်ဖို့ပဲလို့ အဲဒီလိုလေး ပြောယင်တော့ ပါးစပ်လွတ်လပ်ပေါ့ဗျာ။ ကဲ-ဟုတ်ပြီ။ မင်း လွတ်လပ်ဖို့လို့ ပြောရင်း မင်းလွတ်လပ်ဖို့ကို သွားတဲ့လမ်းပြစမ်း။ လွတ်လပ်ချင်တယ်လို့ ပြောပြီးတော့ လွတ်လပ် စရာဆီကို သွားတဲ့လမ်း မသိဘူးလို့ဆိုလို့ရှိယင် ဒို့ မလွတ်လပ်တာကို သိရမှာ။ လွတ်လပ်တာကိုသိချင် ဘာတဲ့လဲ။ မလွတ်လပ်တာ သိရမှာ။ မလွတ်လပ်တာက ဒုက္ခဆိုတော့ ဒုက္ခကို သိရမှာပေါ့နော်။ ဒုက္ခက သံသရာဖြစ်နေတဲ့အခါကျတော့ သံသရာသိရမှာ မဟုတ်လား။ မလွတ် လပ်တာက သံသရာပဲ။

သံသရာသိဖို့ အာရုံတွေကို ကွဲနေအောင်သိရမယ်

အဲဒီတော့ သံသရာဆိုတာ ဘာတွေတုန်း ဆိုတဲ့အခါကျတော့ ရှုပ်သွားပြီ။ များသွားပြီနော်။ အခုနင်တုန်းကလိုပဲဟာ။ ကာမအာရုံတွေ သိရမယ်၊ ရူပအာရုံတွေ သိရမယ်၊ အရူပအာရုံတွေ သိရမယ်။ ဒကာ ဒကာမတို့ ဒါတွေသိရမှာလား၊ မသိရမှာလား။ (သိရမှာပါ ဘုရား)။ ခင်ဗျားတို့ လွတ်လပ်ချင်တယ်ဆိုယင်တော့ ဒါတွေမသိဘဲ မနေကြနဲ့။ ကာမအာရုံဆိုတာ ဘယ်လိုဟာလဲ။ ဥပမာ-မာလကာပင်ဆိုတာ ဘယ် လိုဟာတုန်း၊ ပြောစမ်းပါဦး။ ငှက်ပျောပင်ဆိုတာ ဘယ်လိုဟာတုန်း၊ တခြားသစ်ပင်နဲ့ ကွဲသွားအောင်ကို ပြောတတ်ရမယ်။ သရက်ပင်

ဆိုတာကော ဘယ်လိုဟာတုန်းဆို တခြားသစ်ပင်တွေနဲ့ လွဲသွားအောင်ကို ပြောတတ်ရမယ်။ မပြောတတ်ကြဘူးလားဗျာ။ (ပြောတတ်ပါတယ်)။ အဲဒီလို ပြောတတ်နေသလို ကာမအာရုံဆိုတာ ဘယ်လိုဟာတုန်း ဆိုတာကိုလည်းပဲ ရူပအာရုံ၊ အရူပအာရုံတွေနဲ့ လွဲသွားပြီးတော့ ကဲ-အဲဒါမျိုးတွေနဲ့ ကွဲသွားအောင် ပြောတတ်ဖို့ရာ မသင့်ကြဘူးလားဗျာ။ (သင့်ပါတယ်ဘုရား)။

ကိလေသာ၊ ကံ၊ ဝိပါက်တွေကိုလည်း သိရဦးမယ်

ရူပအာရုံ၊ အရူပအာရုံဆိုတာ ဘယ်လိုဟာလဲ မသိဘဲနဲ့ကတော့ ဒီသံသရာကနေ လွတ်လို့ရပါ့မလား။ (မရပါဘူး ဘုရား)။ အာရုံတွေမှ မသိဘူးလို့ ဆိုလို့ရှိယင် ဒီအာရုံတွေမှ မသိနေမှတော့ ဘယ်လိုလုပ်သံသရာဆိုတာ သိပါမတုန်းဗျ-နော။ ကဲ-ဒီအာရုံတွေတော့ သိပါပြီတဲ့။ ဒီအာရုံတွေပေါ်မှာ စွဲတယ်ဆိုတဲ့ ကိလေသာ။ ဒီအာရုံတွေအပေါ်မှာ ကာမလို့ဆိုတဲ့ အာရုံအပေါ်မှာ စွဲတယ်ဆိုတာ ဘယ်လိုစွဲတာတုန်း။ ရူပအာရုံပေါ်မှာ စွဲတယ်ဆိုတဲ့ကိလေသာ ဘယ်လိုစွဲတာတုန်း။ အရူပအာရုံပေါ်စွဲတဲ့ အရူပကိလေသာ ဘယ်လိုစွဲတာတုန်း။ ကာမကိလေသာ၊ ရုပကိလေသာ၊ အရူပကိလေသာ ဒါ မသိဘဲနဲ့တော့ သံသရာကနေပြီး လွတ်လို့ရပါ့မလား။ (မရပါဘုရား)။ မရဘူးဗျ။ ကဲ-အာရုံတွေလည်း သိပြီ၊ ကိလေသာလည်း သိပြီ၊ ဒီလိုဆိုယင် ဒီကိလေသာအလျောက် ကိုယ်ပြောဆိုပြုမူနေထိုင်ပုံကိုမှ ဘယ်လိုလဲလို့ ကိုယ်မပြတတ်ဘူးလို့ ဆိုယင် ဒီကံကနေပြီးတော့ ကိုယ်လွတ်အောင်ပြုလို့ ရပါ့မလား။ (မရပါဘုရား)။ ကံလည်းသိရမှာဗျ။

ကဲ-ဒီကံကိုမသိဘူး၊ ဒီကိလေသာကိုလည်းမသိဘူး၊ ဒီအာရုံလည်း မသိဘူးလို့ဆိုတဲ့လူက ဝေး...လွတ်လပ်ဖို့ရာအတွက် သူပြောဖို့ရာ အခွင့်အလမ်းတောင် ရှိပါ့မလား။ (မရှိပါဘုရား)။ လွတ်လပ်ချင်တယ်လို့ ပြောတယ်ဆိုယင်တောင် ပါးစပ်လွတ်လပ်မို့လို့ပဲ။ ဟုတ်ပြီနော်။ အာရုံလည်း မသိဘူး၊ ကိလေသာလည်း မသိဘူး၊ ကံလည်းမသိဘူး လမ်းဆုံးဘာလဲဆိုတာ မသိဘူးဆိုလို့ရှိယင်ဖြင့် သူလွတ်လပ်ချင်ပါတယ်၊ 'နိဗ္ဗာန်၊မဂ်၊ဖိုလ် ရရပါလို၏ အရှင်ဘုရား။ နိဗ္ဗာန်၊မဂ်၊ဖိုလ် ရရပါလို၏အရှင်ဘုရား'နဲ့ အိပ်ချင်မူးထူးနဲ့ တောင်းနေတဲ့သူဟာ ဒါ-ဝတ်ကျေဝတ်ကုံလုပ်တာ မဟုတ်လားဗျာ။ (ဟုတ်ပါတယ်ဘုရား)။ ဒီအသံမျိုးကတော့ ကျုပ်တို့နားငြီးတယ်ဗျာ။ ဒကာ ဒကာမတို့ကော နားငြီးဖို့မကောင်းဘူးလား။ (နားငြီးဖို့ကောင်းပါတယ်ဘုရား)။ အလကား။ လိုချင်တာလည်းမဟုတ်ဘဲနဲ့ ပါးစပ်ထဲ ထည့်ပေးထားတဲ့ဟာကို ဆိုနေကြတာဗျ-နော်။

ဟိုဒင်း...ဒီလိုမျိုးလိုပဲ။ ကျုပ်တို့ငယ်ငယ်က မန္တလေးဘူတာကြီးပေါ်ကိုကျော်တဲ့ မီးရထားခုံးကြီးပေါ်ကို သွားတဲ့အခါ မီးရထားခုံးကြီးပေါ်မှာ တောင်းနေတဲ့လူတွေရှိတယ်။ ထီပေါက်ကြပါစေ၊ သူဌေးကြီးဖြစ်ကြပါစေ၊ ဘာဖြစ်ကြပါစေနဲ့ပေါ့ဗျာ-နော်။ အမယ်လေး...ဒို့သူဌေးကြီးဖြစ်ကြပါစေနဲ့ သူကဆုပေးနေ။ သူကတော့ တောင်းစားနေပြီး တောင်းစားနေတဲ့သူက ဒို့ကို သူဌေးကြီးဖြစ်ဖို့ ဆုပေးလို့ရမယ်တဲ့လားလို့ပေါ့နော်။ ကျုပ်ဖြင့် စိတ်ပျက်နေတာ။ အဲဒီအသံကြားရပေါ့ဗျာ။ သူကတော့ဖြင့် မင်္ဂလာယူပြီးတော့ ပြောနေတာ ဖြစ်ကောင်းဖြစ်မှာပါပဲ။ ဖြစ်ပေမယ့် သူ့ပါးစပ်နဲ့ မတန်ဘူး။ ဟုတ်ပြီနော်။ သူကတော့

တောင်းစားနေပြီး၊ သူ့ဌေးကြီးဖြစ်ပါစေလို့ ဆုပေးဖို့ကောင်းပါ့မလားဗျာ။ (မကောင်းပါ ဘုရား)။ မကောင်းဘူးဗျ။

အေး-အခုလည်း အဲဒီလိုပဲ။ နိဗ္ဗာန်၊မဂ်၊ဖိုလ် ရက်တိုတိုနဲ့လို့ ပါသေးတယ်နော်၊ ရောက်ရပါလိမ့်၏ အရှင်ဘုရားလို့ ဆိုတော့ အဲ-နိဗ္ဗာန်ဆိုတာက လွတ်လပ်တာဗျ။ နိဗ္ဗာန်ဆိုတာ လွတ်လပ်တာဆိုတော့...ကြည့်စမ်း။ ကာမအာရုံလည်း မသိဘူး၊ ရူပအာရုံလည်း မသိဘူး၊ အရူပအာရုံလည်း မသိဘူး။ ကာမကိလေသာလည်း မသိဘူး၊ ရူပကိလေသာလည်း မသိဘူး၊ အရူပကိလေသာလည်း မသိဘူး။ နားကန်းတလုံးတောင် မသိဘူး။ ကာမကံလည်း မသိဘူး၊ ရူပကံလည်း မသိဘူး၊ အရူပကံလည်း မသိဘူး၊ ဘယ်လိုလို့တောင် မသိဘူး။

ကာမဝိပါက်လည်း မသိဘူး၊ ရူပဝိပါက်လည်း မသိဘူး၊ အရူပဝိပါက်လည်း မသိဘူး။ လုံးလုံးကို မသိဘူးဆိုယင် ဒီလူဟာ နိဗ္ဗာန်၊ မဂ်၊ဖိုလ် ဆုတောင်းဖို့ ကောင်းပါ့မလား။ (မကောင်းပါ ဘုရား)။ မကောင်းဘူးနော်။ အဲဒီတော့ လွတ်လပ်ချင်တယ်လို့ဆိုတာ ဖြစ်ကို မဖြစ်နိုင်တာ။ အဲလောက်မှ မသိယင်ကတော့။ အဲ-လွတ်လပ်ချင်တယ်လို့ဆိုတာ ဖြစ်ယင်တော့ဖြင့် ဒီလောက်တော့ သိအောင်လုပ်။ ဒါမှ ကာမအာရုံ၊ ရူပ-အရူပအာရုံ။ ကာမ၊ရူပ၊အရူပကံ။ ကာမ၊ရူပ၊အရူပ ကိလေသာ။ ကာမ၊ရူပ၊အရူပ ဝိပါက်။ ဒါသိမှ ဒါမှကံစစ်မှာ။ ရူပ သံသရာ၊ အရူပသံသရာကို သိမှာ မဟုတ်လား။

သံသရာလည်ပုံနဲ့သတ္တဝါအဖြစ်

ဒီသံသရာကို သိရုံနဲ့တောင် မဟုတ်ဘူးနော်။ဒီသံသရာကို လည်ပုံ၊ ဟုတ်လား။ အရက်သေစာကို ဆက်တိုက်သောက်ကြည့်။ အရက်သမားပုံ ပေါ်မှာလား၊ မပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)။ ဘိန်းတွေကို ဆက်တိုက်ရှူကြည့်၊ ဒီလူဘိန်းစားပုံပေါက်မှာလား၊ မပေါက်ဘူးလား။ (ပေါက်ပါတယ် ဘုရား)။ တရားကို လချီပြီးတော့ ဆက်တိုက်ထိုင်ကြည့်။ ဒီလူဟာ တရားထိုင်တဲ့ တရားသမားပုံ ပေါက်မှာလား၊ မပေါက်ဘူးလား။ (ပေါက်မှာပါဘုရား)။ ကြည့်စမ်း၊ လုပ်ယင် လုပ်တဲ့ဟာ ပုံကတော့ ပေါ်တာပဲဗျ။

ကဲ-သူ့မှာ သံသရာကလည်နေပြီ ဆိုလို့ရှိယင် သူရော ပုံမပေါ်ပေဘူးလား။ (ပေါ်ပါတယ်)။ ကိုယ်လည်း သံသရာက ပုံမပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)။ သတ္တဝါဗျ။ အဲဒီသတ္တဝါမှ မသိဘူးဆိုယင် ဒီသတ္တဝါမှ မသိတဲ့သူဟာ လွတ်လပ်ချင်တာကို မပြောစေနဲ့။ မင်းပါးစပ်ပိတ်ထားစမ်းလို့သာ ပြော။ လွတ်လပ်ချင်တယ်လို့ ပြောပြီးတော့ မင်း...သတ္တဝါကိုတောင် မသိဘူးလို့ ဆိုလို့ရှိယင် မင်းပါးစပ်ပိတ်ထားစမ်း၊ အဲလိုမျိုး ပြောရမယ်ဆိုယင်ကတော့ လူတိုင်း ပြောတတ်ရဲ့ ဆိုတာမျိုးကိုတောင် ပြောဖို့ကောင်းတယ်ဗျာ။ သတ္တဝါကို သိတယ်ဆိုယင်ဖြင့် ဒီသတ္တဝါကြီးကတော့ ဟန်မကျလိုက်လေ ဆိုတာမျိုး၊ စကားပြောယင် ငြီးတောင်ငြီးငွေ့ရဦးမှာ။

ဆိုကြပါစို့။ ဘိန်းစားတယောက် တွေ့ပြီဆိုကြပါစို့။ ဘိန်းစားတယောက် တွေ့ပြီဆိုယင် ခင်ဗျားတို့ ဝမ်းသာရမှာလား၊ ငြီးငွေ့ရမှာလား။

(ငြီးငွေ့ရမှာပါ)။ ငြီးငွေ့မှာပေါ့။ သူခိုးတယောက်တွေ့ပြီလို့ ဆိုယင်လည်း အဲဒီသူခိုးတယောက် တွေ့တဲ့အတွက် စိတ်ပျော်မှာလား၊ စိတ်ပျက်မှာလား။ (စိတ်ပျက်မှာပါ)။ စိတ်ပျက်မှာပေါ့။ ဒီလိုပဲ ကိုယ့်ကိုယ်ပေါ်မှာ အကောင်ပလောင်ကြီး တကောင် ကောက်တက်နေပြီတဲ့ ဆိုတာ သိနေယင်၊ ဟုတ်ပြီနော်၊ အကောင်ပလောင်ကြီးက တက်နေပြီ။ အဲဒီ အကောင်ကြီးက ငရဲကောင်ကြီးတော့ ဟုတ်ချင်မှဟုတ်မယ်။ ပြိတ္တာကောင်ကြီးလည်း ဟုတ်ချင်မှဟုတ်မယ်၊ ဟုတ်ပြီနော်၊ ကျုပ်တို့ကိုယ်ပေါ်မှာတက်နေတဲ့ အကောင်ကြီးက ပြောရမယ်ဆိုယင် နတ်ကောင်ကြီးလည်း ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ ဗြဟ္မာကောင်ကြီးလည်း ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ ဟုတ်ပြီနော်။ နတ်ကောင်ကြီး၊ ဗြဟ္မာကောင်ကြီးက ကျုပ်တို့ကိုယ်ပေါ်မှာ တက်နေလို့ ကျုပ်တို့က နတ်ရုပ်ကြီးပေါက်နေပြီ၊ ဗြဟ္မာကောင်ကြီးပုံ ပေါက်နေပြီဆိုတောင် သူ့ကို အပြစ်တင်ရမှာဗျ။

ဘာပြုလို့တုန်းဆိုတော့ ဗြဟ္မာဖြစ်နေပြီ ဆိုယင်လည်းပဲ ကျုပ်က ဗြဟ္မာဖြစ်နေပြီ ဆိုယင်လည်းပဲ ကျုပ်ပျောက်နေတယ်။ ကျုပ်ကို ဗြဟ္မာက ပူးနေပြီ၊ ဗြဟ္မာပူးနေယင် ကျုပ်စိတ်ရှိပါ့မလား။ (မရှိပါ)။ တကယ်လို့ ကျုပ်က နတ်ကောင်ကြီးဖြစ်နေပြီး နတ်ကောင်ကြီးဖြစ်တဲ့အတွက် နတ်လုပ်ငန်း လုပ်နေပြီဆိုယင် ကျုပ်က နတ်ရုပ်ပေါက်နေပြီ ဆိုလို့ရှိယင် ကျုပ် လူရုပ်က ပေါက်ပါဦးမလား။ (မပေါက်ပါဘူး)။ မပေါက်တော့ဘူးဗျ။ အဲဒီလို လူရုပ်က မပေါက်တော့ဘူး၊ နတ်ရုပ်ပဲပေါက်နေပြီ ဆိုလို့ရှိယင် ဟောဒီနတ်က လူကိုနှောက်ယှက်နေတာ။ ဗြဟ္မာရုပ် ပေါက်နေပြီဆိုလည်း ဟောဒီဗြဟ္မာက လူကိုနှောက်ယှက်နေတာ။

ဗြဟ္မာကြီးတွေဆိုတာ သိပ်ကောင်းတယ်လို့ ကျုပ်တို့က မှတ်ထားကြတာဗျ၊ မိုးပေါ်မှာ ဗြဟ္မာကြီးတွေရှိတယ်၊ သိပ်ကောင်းတယ်နဲ့ပေါ့ဗျာ။ လက်ညှိုးထောင်လိုက်ရင်ကိုပဲ စကြဝဠာတထောင်လောက် လင်းတယ်၊ ဘာညာပြောကြတယ်။ တကယ်တော့ကာ သူ့မှာဖြင့် လျှာနဲ့တောင် အရသာမခံတတ်ဘူး။ နှာခေါင်းနဲ့တောင် အနံ့မခံတတ်ဘူး။ ပြောမယ်ဆိုယင် မျက်စိနဲ့လည်း မမြင်တတ်ဘူး။ နားနဲ့လည်း ကြားမှ မကြားတတ်ဘူး။ သူ့မှာ မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ် ရှိမှမရှိဘဲဗျာ။ အရှုပဗြဟ္မာဆိုတာ မျက်စိလည်း မရှိဘူး၊ နားလည်း မရှိဘူး၊ လျှာလည်း မရှိဘူး၊ နှာခေါင်းလည်း မရှိဘူး။ လျှာလည်း မရှိဘူး၊ ကိုယ်လည်း မရှိဘူး ဆိုတော့၊ ကဲ-ကြည့်စမ်း။ ဒီလိုဆိုယင် မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ် ဘာမှမရှိဘူးဆိုယင် ဒီဗြဟ္မာကြီးဖြစ်ရတာကို ခင်ဗျားတို့ ကြိုက်နိုင်ကြပါ့မလား။ (မကြိုက်နိုင်ပါဘုရား)။ ခင်ဗျားတို့က ပြောသံကြားနဲ့သာ ကြိုက်နေကြတာဗျနော်။ တကယ်တော့ ကိုယ်တကယ်ဖြစ်နေတာကို သိမှမသိတာဆိုတော့ ဒီ ကောင်ပဲနေမှာ။ ဒီအကောင်မသိတဲ့အတွက် ခင်ဗျားတို့ကနေပြီးတော့ လေဖမ်းပြီး ဝရမ်းချည်နေတယ် ဆိုတဲ့ဟာမျိုး ပြောတာဗျ။ တကယ် မကြိုက်ရဘူး။

ကိုယ့်ကိုယ်ပေါ်မှာဖြစ်တဲ့ အကောင်တွေကို အကဲခတ်ပါ၊ ကိုယ့်ကိုယ်ပေါ်မှာ ဖြစ်တဲ့အကောင်ကို ကိုယ်ကနေအကဲခတ်ယင် ကိုယ့်ကိုယ်ပေါ်မှာဖြစ်တဲ့အကောင်ကို ကိုယ်သိမှာပါလို့ ဒီလိုပြောရမှာပေါ့နော်၊ ဆိုလိုတာကတော့ သံသရာမသိလို့ရှိရင် ကံကိုသိလို့ရပါ့မလား? (မရပါဘူးဘုရား)။

တကယ်တော့ ကံရယ်၊ ကိလေသာရယ်၊ ဝိပါက်ရယ် ဒီသုံးခုလည်ပတ်နေတာကို မသိဘူးဆိုလို့ရှိယင် သံသရာ သိလို့ရပါ့မလား။ (မရပါဘူးဘုရား)။ တကယ်လို့များ ခင်ဗျားတို့က အာရုံတွေမှ ဒါ-ကာမအာရုံ၊ ရူပအာရုံ၊ အရူပအာရုံတွေမှ မသိလို့ကတော့ ကံတွေ၊ ကိလေသာတွေ၊ ဝိပါက်တွေ လည်တဲ့ဟာကို သိလို့ရပါ့မလား။ (မရပါဘုရား)။ နော်-အဲဒီတော့ ဒါလေးကတော့ဖြင့် ခင်ဗျားတို့ သိရမယ့် ဟာလေးတွေ။ ဒါ-ကျုပ်ကပေးနေတာလို့ ကျုပ်တို့ ဒီလိုပြောရမှာပေါ့နော်။ အံ့မယ်လေး... တပည့်တော်တို့တော့ဖြင့် မအားပါဘူးလို့ ခင်ဗျားတို့ ဒီလိုမလုပ်ကြနဲ့နော်။ မအားယင်တော့ လွတ်လပ်ချင်တယ်လို့လည်း မလုပ်နဲ့။ ဟုတ်ပြီနော်။ လွတ်လပ်ချင်တယ်လို့ မလုပ်ယင်တော့လည်းပဲ ဒီလိုပဲ ဖြစ်သလိုသာနေကြတော့။ ဒီလိုပဲ ပြောရမှာပေါ့နော်။

တကယ်တော့ လူ့ဘဝလေးရလာယင် လွတ်လပ်ရမှာပေါ့။လွတ်လပ်ချင်ရမှာပေါ့။ အခု ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတွေ ဖြစ်နေတာကိုတောင် ခင်ဗျားတို့ လွတ်လပ်ချင်ကြတယ်။ အဲဒီလို လွတ်လပ်ချင်လို့မို့လို့ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတွေ လုပ်နေတယ်။ အဲဒီတော့ လွတ်လပ်ချင်တယ်ဆိုယင် လွတ်လပ်ချင်တယ်လို့ ပြောနိုင်လောက်အောင် လမ်းစကတော့ အာရုံတွေပြုနေရမှာပဲ။ ကာမ၊ရူပ၊အရူပ၊ ကာမအာရုံတွေက ဘယ်လိုတွေတုန်း။ ရူပအာရုံတွေက ဘယ်လိုတွေတုန်း၊ အရူပ အာရုံတွေက ဘယ်လိုတွေတုန်း။ ဒါတွေကပြောမယ်ဆိုယင်တော့ တက္ကသိုလ်တက်ပြီး သင်ရတာတွေလောက် မခက်တန်ရာပါဘူး။ ဒီလို ပြောရမယ်။ အဲဒီလိုပဲ။ ကာမကိလေသာ၊ ရူပကိလေသာ၊ အရူပကိလေသာကလည်း တကယ်တမ်း ဟိုက်ဒြိုဂျင်ကိုသိဖို့ရာ၊ နိုက်ထရိုဂျင်ကို သိဖို့ရာလောက် ခက်မယ်မထင်ပါဘူး။

ဟိုက်ဒြိုဂျင်တို့၊ နိုက်ထရိုဂျင်တို့ဆိုတာ ခေါ်ရတာတောင် လျှာယားလာပြီလို့ ဒီလိုပြောကြစို့နော်။ ဘယ်ကိလေသာဟာဖြင့် ဒီလိုမဖြစ်ပါဘူး။ ကံတွေဆိုတာလည်း မသိနိုင်စရာ မရှိပါဘူး။ ကိုယ်ကိုယ်တိုင် လုပ်နေတာတွေ ဖြစ်နေတဲ့အတွက် မြင်ကိုမမြင်ကြရလို့၊ ကိုယ်နဲ့ကိုလုံးလုံးမစပ်ဘူးလို့ ထင်လို့၊ မလေ့လာဘဲနေကြလို့ မသိတာပါလို့ ဒီလို ပြောရမှာပေါ့နော်။ ဝိပါက်ဆိုတဲ့ ဟာကဖြင့်ယင် တသာသနာတော်လုံး မသိဘူးတဲ့ဗျာ။

ကဲ-တသာသနာတော်လုံး မသိဘူးလို့သာဆိုတာ မသိနိုင်စရာလည်း မဟုတ်ဘူး။ ခိုးနေမှတော့ဖြင့် သူခိုးဖြစ်ပြီပေါ့။ဒါ-ဝိပါက်ပဲပေါ့။ အဲဒီတော့ ပြောမယ်ဆိုယင်တော့ ဝိပါက်ကလည်း လုံးဝသိနိုင်စရာ။ ကံရော၊ကိလေသာရော၊ဝိပါက်ရောက လုံးဝသိနိုင်စရာလို့ဆိုတော့ ဒီသုံးခုရယ်လို့ ဖြစ်မိနေမှတော့ လည်ပြီပေါ့ကွာ ဆိုပြီးတော့ ဒါတွေကနေ ချာချာလည်နေတာတွေ လူတိုင်းသိပြီပေါ့။

အရိယသစ္စာလေးပါး

အဲဒီလို ချာချာလည်နေတာ လူတိုင်းသိပြီ ဆိုမှတော့ ပေါ်ပြီပေါ့၊ သတ္တဝါ၊ ကိုယ့်အပေါ်မှာ နတ်ကောင်ကြီး ဖြစ်နေမလား။ ပြိတ္တာကောင် ဖြစ်နေမလား၊ တစ္ဆေကောင် ဖြစ်နေမလား၊ သရဲကောင် ဖြစ်နေမလား၊ ဘီလူးကောင် ဖြစ်နေမလား။ ပေါ်ပြီပေါ့။ ပေါ်ပြီဆိုယင်လည်းပဲ ဒီအကောင်ကတော့ ငါ့တော့ လာပြီးနှိပ်စက်နေပြီဟေ့ ဆိုပြီးသကာလ ဒုက္ခကို မြင်ပြီပေါ့။ အဲဒီလိုမြင်ပြီ ဆိုမှတော့ ခင်ဗျားတို့ အရိယသစ္စာဆိုတာကို မမြင်ချင်လို့ကို မရတော့ဘူး။ အခုနက ပြောတာတွေကို ခင်ဗျားတို့ကနေပြီးတော့ ပရိယတ်အဖြစ်နဲ့ ဆည်းပူးလိုက်လို့ သိသွားပြီ

ဆိုယင် ပဋ္ဌိပတ်အဖြစ်နဲ့ "အဲ-ဟုတ်သားပဲ၊ ငါ့ဒီလိုတွေးရတာတော့ ဒါကာမကိလေသာပဲ၊ ရူပကိလေသာပဲ"။ ဒီလိုမြင်တာ။ အဲ-ဒါ ကာမကိလေသာ၊ ရူပကိလေသာ၊ အရူပကိလေသာ၊ ခင်ဗျားတို့ကသိနေယင် မဆင်ခြင်ဘဲ နေလို့ကို မရတော့ဘူး၊ အာရုံတွေကလည်း ကာမအာရုံ၊ ရူပအာရုံ၊ အရူပအာရုံဆိုတာ သိနေမှတော့ ထင်ရှားချက်က သိနေပြီ ဆိုယင် ဒါကို ခင်ဗျားတို့က မဆင်ခြင်ဘဲနေလို့ကို မရတော့ဘူး။

အို-ဆင်ခြင်လို့ရှိယင်လည်း မသိဘဲနေလို့ကို မရတော့ဘူး။ သိသွားပြီလို့ဆိုယင်လည်းပဲ "သြော်-ငါ့ ဒီသတ္တဝါကြီး ပူးနေတာ ဒုက္ခပါလား"၊ ဟော-ဒုက္ခအရိယသစ္စာကို ခင်ဗျားတို့က ပိုင်းခြားသိပြီ။ အဲဒီလို ဒုက္ခအရိယသစ္စာကို ပိုင်းခြားသိတော့၊ ဟော-ဒုက္ခရယ်၊ ဒုက္ခအရိယသစ္စာကိုသိတဲ့ မဂ္ဂအရိယသစ္စာရယ်၊ ဒီသစ္စာနှစ်ချက် ဝင်သွားပြီလို့ ဆိုတဲ့အခါကျတော့ အရှိန်နဲ့သွားပြီ။

အဲ-ဒီဒုက္ခကို ဒို့မလိုချင်တော့ဘူး။ မလိုချင်ကောင်းဘူးဘဲလို့ သမုဒယဘက်ကို မလိုချင်တော့ဘူး။ သမုဒယကို ပယ်ပြီလို့ဆိုတဲ့အခါကျတော့ ဒီဒုက္ခက ဘယ်လိုလုပ် ခင်ဗျားတို့ဆီ ပြန်လာဖြစ်တော့မှာလဲ။ အဲဒီလိုမျိုးလို အဲဒီဒုက္ခပြန်လာပြီး မဖြစ်တော့ဘူးဆိုယင် ခင်ဗျားတို့က.... ဒုက္ခအရိယသစ္စာသိတာက မဂ္ဂအရိယသစ္စာ။ အသိခံရတဲ့ ဒုက္ခတွေကို သိတာက ဒုက္ခအရိယသစ္စာ။ အဲဒါရဲ့အကြောင်းက သမုဒယအရိယသစ္စာ။ အဲဒါတွေ ငြိမ်းတာက နိရောဓအရိယသစ္စာဆိုတော့ ကဲ-ကျုပ်တို့ မြတ်စွာဘုရားကပေးတဲ့ လွတ်လပ်တယ်လို့ဆိုတဲ့ နိရောဓအရိယသစ္စာဆီကို မရောက်ဘူးလားဗျာ။ (ရောက်ပါတယ်ဘုရား)။

လွတ်လပ်အောင်လုပ်နည်း

အေး-ရောက်ဖို့အတွက် ကျုပ်တို့ကနေပြီးတော့ ရောက်ကြစေလို့ ခင်ဗျားတို့ကို မပေးနိုင်ဘူး။ ဟုတ်ပြီနော်။ ရောက်ကြစေလို့ ကျုပ်တို့က မပေးနိုင်တဲ့အခါကျတော့ ဘာလုပ်ရမတုန်း။ ရောက်အောင် ခင်ဗျားတို့က လုပ်ရမှာ။

-အာရုံတွေကိုသိအောင် မလုပ်ရဘူးလား။ လုပ်ရမှာတဲ့လား။ (လုပ်ရမှာပါ ဘုရား)။

-ကိလေသာတွေကို(သိအောင်) လုပ်ရမှာ တဲ့လား၊ မလုပ်ရမှာတဲ့လား။ (လုပ်ရမှာပါ ဘုရား)။

-ကံတွေကို(သိအောင်) လုပ်ရမှာလား၊ မလုပ်ရမှာလား။ (လုပ်ရမှာပါဘုရား)။

-သံသရာတွေ၊ သတ္တဝါတွေသိအောင် လုပ်ရမှာလား၊ မလုပ်ရမှာလား။ (လုပ်ရမှာပါ ဘုရား)။

ဒါသိပြီဆိုယင် ကိုယ်ကိုယ်တိုင်သိအောင် ဆင်ခြင်ကြည့်လိုက်လို့ရှိယင် အရိယသစ္စာ(၄)ချက်အပေါ် ရောက်မှာလား၊ မရောက်ဘူးလား။ (ရောက်မှာပါဘုရား)။ ရောက်ပြီဆိုယင် ဒီလူ လွတ်လပ်ပြီပေါ့။ ခင်ဗျားတို့ လွတ်လပ်အောင် လုပ်ကြဗျနော်။ ကျုပ်ဖြင့် တကယ့်ကို ခင်ဗျားတို့ကို တိုက်တွန်းချင်တယ်၊ လွတ်လပ်အောင်လုပ်ကြ၊ လွတ်လပ်ချင်ကြလို့ တကယ်ပြောချင်တာ။ လွတ်လပ်ရင် ခင်ဗျားတို့နော် လွတ်လပ်တော့ ဘာဖြစ်တုန်းလို့ မေးစရာရှိတာပေါ့နော်။

လွတ်လပ်မှုအကျိုး

လွတ်လပ်တော့ ဘာဖြစ်တုန်း၊ မလွတ်လပ်တော့ဘာဖြစ်တုန်း။ ဒါလေး နည်းနည်း ပြောဦးမယ်နော်။ လွတ်လပ်ယင် လွတ်လပ်တဲ့အတွက် သူ့ခေါင်းထဲမှာ တခုရောက်သွားတာ။ သူ့ဦးနှောက်ထဲမှာ ဘာတခု ရောက်သွားတာတုန်းဆိုတော့ ငါကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ ငါကိုယ်တိုင် ဆုံးဖြတ်ချက်ချမှ တော်မှာပဲ။ ငါကတော့ ဒီလိုဆုံးဖြတ်ရမှာပဲလို့။ ငါဒီလို ဆုံးဖြတ်တာကို ကြိုက်တယ်၊ ငါဒီလို ဆုံးဖြတ်တာကို မကြိုက်ဘူးနဲ့၊ ဟော-ခင်ဗျားတို့က လုပ်ကြရော။ အကြိုက်နဲ့ မကြိုက်နဲ့ပဲ ခင်ဗျားတို့ကလေ ကိုယ်ဆုံးဖြတ်ကြမှာ၊ ကိုယ်ဆုံးဖြတ်ကြမှာ။

လူစိတ်ပေါက်မှ ညှိလို့ရပြီး ညီညွတ်ကြမှာ

အဲ-ဆိုလိုတာကတော့ဖြင့် ကိုယ့်အကြိုက်လို့ ဆိုတဲ့ဟာမှာ ကိုယ်ဆိုတဲ့ဟာ ကိုယ်မှဟုတ်ရဲ့လား။ တကယ်လို့များ အကောင်တကောင်ကောင် ပူးနေယင် ကိုယ်ဟုတ်ပါ့မလား။ (မဟုတ်ပါဘူးဘုရား)။ မဟုတ်ဘူးနော်။ တကယ်လို့များ ခင်ဗျားတို့က နတ်ဖြစ်နေတယ် ဆိုပါတော့။ နတ်ဖြစ်နေပြီးတော့ ဟေ့-ကိုယ့်အကြိုက် လိုက်လျောရမယ်လို့ ဆိုယင်တော့ အဲဒီကိုယ်က လူလား-နတ်လား။ (နတ်ပါဘုရား)။ နတ်ဖြစ်နေတယ်ဆိုယင် လူ့အကြိုက်ဟုတ်ရဲ့လား။ (မဟုတ်ပါဘုရား)။ မဟုတ်ဘူးနော်။ တကယ်လို့များ ခင်ဗျားတို့က တရားတွေကို တအားထိုင်ထားလို့ ဗြဟ္မာဖြစ်နေမယ်ဆိုယင် ကိုယ့်အကြိုက်လိုက်ပြီး လုပ်ရမယ်ဆိုယင် အဲဒါကိုယ့်အကြိုက်လုပ်တာလား၊ ဗြဟ္မာအကြိုက် လုပ်တာလား။ (ဗြဟ္မာ့အကြိုက်လုပ်တာပါ)။ ကဲ-ကြည့်စမ်း၊ လွဲမှာပေါ့။ ဗြဟ္မာ့

အကြိုက်ဆိုယင် ခွင်လေးက ကျဉ်းကျဉ်းလေး။ နတ်အကြိုက်ဆိုယင်လည်း ခွင်လေးက ကျဉ်းကျဉ်းလေး။

ဥပမာ-စစ်တပ်မှာ စစ်ဗိုလ်ကြီး၊ စစ်ဗိုလ်ချုပ်ကြီးတယောက်ရှိတယ်ဆိုပါတော့။ စစ်ဗိုလ်ကြီးက သူ့အောက်က လူတွေကို အမိန့်ပေးမယ်။ မပေးပေဘူးလား။ (ပေးပါတယ်ဘုရား)။ အမိန့်ပေးမယ်။ သူ့အကြိုက်အတိုင်း အမိန့်ပေးမလား၊ အထက်ကလာတဲ့ အမိန့်အတိုင်း အမိန့်ပေးမလား။ (အထက်ကလာတဲ့အတိုင်း အမိန့်ပေးမှာပါ)။ အထက်ကလာတဲ့ အမိန့်အတိုင်း အမိန့်ပေးမှာ။ ဘာဖြစ်လို့တုန်းဆိုတော့ သူက စစ်ဘီလူး ဖြစ်နေရတဲ့သူ မဟုတ်လား။ စစ်ဘီလူး ဖြစ်နေရတဲ့သူဆိုတော့ သူ့ဘဝ ခံယူထားတာက အဲ-စစ်နတ်ဘီလူးပေါ့ဗျာ။ နတ်လို့ပဲ ပြောကြတာပေါ့ဗျာ။ သူ့အရှိန်အဝါရှိတာ ဆိုတော့ကာ နတ်လိုပေါ့။ ဒီလိုပေါ့။ သူ့အကြိုက်နဲ့သူ လုပ်နိုင်သလား၊ သူ့ရဲ့ပုခုံးပေါ်က အပွင့်တွေအတိုင်း သူလုပ်ရမှာလား။ (ပုခုံးပေါ်က အပွင့်တွေအတိုင်း လုပ်ရမှာပါဘုရား)။ ကဲ-ပုခုံးပေါ်က အပွင့်တွေအတိုင်း လုပ်နေရပြီ ဆိုကတည်းက သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လုပ်တာလား။ ဟုတ်ပြီနော်၊ ကြည့်စမ်း။ ဒီလူဟာ ဘယ်လိုလုပ်ပြီးတော့ လူစိတ်ပေါက်ပါ့မလဲ။ လူတွေဟာ လူစိတ် မပေါက်နေတယ်ဆိုယင် သိဖို့လည်းခက်တယ်။ တဦးနဲ့တဦး ညီညွတ်လို့ကို မရဘူး၊ ညှိလို့ကို မရဘူး။

သူကတော့ နတ်ဖြစ်နေတယ်။ သူကတော့ ဗြဟ္မာဖြစ်နေတယ်။ သူဆိုလည်း ငရဲဖြစ်နေတယ်။ သူ့ကျတော့ ပြိတ္တာဖြစ်နေတယ်။ သူကတော့ တိရစ္ဆာန်ဖြစ်နေတယ်။ လူတွေက အမျိုးမျိုးဖြစ်နေတာဆိုတော့

ဒီလူတွေ ညှိလို့ရပါ့မလားဗျာ။ (မရပါဘူးဘုရား)။ မရဘူးဗျ။ လူတွေက လူစိတ်ပေါက်နေမှ ညှိလို့ရမှာပေါ့။ လူစိတ်ပေါက်နေမှ ညှိလို့ရမှာနော်၊ လူစိတ်ပေါက်နေတော့ လူဖြစ်နိုင်တဲ့ဟာမျိုးဆိုယင် လုပ်ဖို့ကောင်းသလား၊ မလုပ်ဖို့ကောင်းသလား ဆိုတာ ဒါ-မညှိဘဲ နေပါ့မလားဗျာ။ ဟာ-လုပ်ဖို့ဘယ်ကောင်းမလဲ ဆိုပြီးတော့နော်၊ လူနစ်နာစေတဲ့ဟာမျိုးဆိုယင် လူလုပ်ဖို့မကောင်းဘူးဆိုတာ လူတွေကတော့ တသံတည်းပြောမှာပဲ။ လူစိတ်မပေါက်နေတဲ့သူကတော့ ပြောနိုင်ပါ့မလား။ (မပြောနိုင်ပါဘုရား)။ မပြောနိုင်ဘူးဗျာ။ အဲဒါကြောင့်မို့လို့ လွတ်လပ်တဲ့သူကတော့ ညှိလို့လွယ်တယ်။ လွတ်လပ်တဲ့လူက အမြင်ဖလှယ်ရတယ်။ လွတ်လပ်တဲ့လူဖြစ်ယင် ညီညွတ်ရတယ်။ လွတ်လပ်တဲ့လူ မဖြစ်ယင် သွားမညှိနဲ့၊ လွတ်လပ်တဲ့လူမဖြစ်ယင် ညှိလို့ကိုမရဘူး။

လူတွေ ဒုက္ခရောက်ကြတာ လွတ်လပ်သူမဖြစ်လို့

သူ့ဘဝက တမျိုး၊ ကိုယ့်ဘဝကတမျိုးဆိုတော့ သူသိချင်သလို သူသိ။ သူလုပ်ချင်သလို သူလုပ်ကြ။ ကိုယ်လုပ်နိုင်သလို ကိုယ်လုပ်။ ကိုယ်လုပ်ချင်သလို ကိုယ်လုပ်ကြ။ ဘာလို့ဆို ကိုယ်ကလည်း ကိုယ်မှ မဟုတ်ဘဲ၊ သူကလည်း သူမှမဟုတ်ဘဲ၊ သူ့ပူးနေတဲ့ အကောင်ကရှိနေတယ်။ ကိုယ့်လည်း ကိုယ့်ပူးနေတဲ့အကောင်ကရှိ ဆိုတော့ အဲဒီလူ မလွတ်လပ်ဘူး။ မလွတ်လပ်ယင် ဘာမှ လုပ်လို့မရဘူး။ ဒီလိုပြောကြစို့။

လူတွေ ဒုက္ခရောက်ကြတယ်ဆိုတာ မလွတ်လပ်လို့ ဒုက္ခရောက်တာနော်။ လွတ်လပ်ယင် ဒုက္ခရောက်ပါ့မလားဗျာ(မရောက်ပါဘူးဘုရား)။ ဘယ်-လူတွေဟာ ၄ိုက်တွေမှမဟုတ်ဘဲ။ လူတွေဟာ တောထဲ

က သမင်တွေမှ မဟုတ်ဘဲ။ ဟုတ်ပြီနော်။ တကယ်တော့ တောထဲက သမင်တွေဆိုယင်ဖြင့် မြက်စိမ်းစိမ်းတွေ-မြက်စိမ်းစိမ်း စားရမှာပေါ့။ မြက်စိမ်းစိမ်းတွေက မရှိတော့ဘူး၊ မြက်ခြောက်ပဲ ရှိနေတယ်ဆိုရင် မြက်ခြောက်ပဲ စားရမှာပေါ့။ သူတို့ကတော့ ဟော-လူ ဆိုတာကတော့ မြက်စိမ်းစိမ်း မရှိယင် မြက်စိမ်းစိမ်း စိုက်မှာပေါ့နော်။

အဲ-ညီညွတ်တယ်ဆိုလို့ရှိယင် ဒို့-ဘာဖြစ်ဖြစ် လုပ်လို့ရတယ်။ မညီညွတ်ဘူးဆိုယင် ဒို့ ဘာကိုမှလုပ်လို့ မရဘူး။ မညီညွတ်ဘူးဆိုယင် တယောက်က တောင်သွားချင်၊ တယောက်က မြောက်သွားချင်။ တယောက်က တောလုပ်ချင်၊ တယောက်က တောင်လုပ်ချင်ဆိုယင် လူတွေ ညီညွတ်လို့ရပါ့မလား။ (မရပါဘူးဘုရား)။ အဲ-မညီညွတ်လို့ ရှိယင် လူတွေဟာ ချမ်းသာကြမှာလား၊ ဆင်းရဲကြမှာလား။ (ဆင်းရဲကြမှာပါဘုရား)။ ဆင်းရဲကြမှာပေါ့၊ အဲဒီတော့ ပြောမယ်ဆိုယင်တော့ လူတွေ ညီညွတ်ချင်ယင် လွတ်လပ်တဲ့လူမှ ညီညွတ်လို့ရတာဗျ။ လွတ်လပ်တဲ့လူဆိုတာ ကိုယ့်အပေါ်မှာ ဘာကောင်မှ မတက်နေမှ လွတ်လပ်တာနော်။

လွတ်လပ်တယ်ဆိုတာ ကိုယ့်အပေါ်မှာ အကောင်တကောင်ကောင် ရှိယင် လွတ်လပ်ပါ့မလား။ (မလွတ်လပ်ပါဘုရား)။ မလွတ်လပ်ဘူးနော်။ ကိုယ့်အပေါ် ဘာကောင်မှ မရှိဘူးဆိုလို့ကတော့ ဒီလူ လွတ်လပ်ပြီပေါ့နော။ လွတ်လပ်အောင်ကလည်း ကံရှိယင် အကောင်က မရှိဘဲနေပါ့မလား။ (ရှိမှာပါဘုရား)။ အကောင်က မရှိဘူးလား၊ ရှိမှာလား။ (ရှိမှာပါဘုရား)။ ကံရှိယင် အကောင်ကတော့ ရှိမှာပဲ။

ဘာကောင်မှ မရှိချင်ဘူးဆိုလို့ရှိယင် ဘာကံမှမလုပ်ဘဲ နေရမှာပဲ။ ဘာကံမှမရှိဘူး ဆိုလို့ရှိယင် ဘာအကောင်ပလောင်က ရှိဦးမှာလဲ။ (မရှိတော့ပါ ဘုရား)။ ဘာကံမှ မရှိလို့ရှိယင် ဘာက မလွတ်လပ်တာလို့ ပြောဖို့ရှိသေးရဲ့လား။ (မရှိတော့ပါဘုရား)။ မရှိဘူး၊ လွတ်လပ်ပြီ။

ကိုယ်ပိုင်ဆုံးဖြတ်နိုင်ဖို့ ဦးနှောက်ရှိနေရတယ်

အဲဒီလို လွတ်လပ်ပြီဆိုယင် အဲဒီလူက သူ့ဦးနှောက်ထဲမှာ တခုရပြီ။ အဲဒီတခုက ဘာလဲဆိုတော့ သူ့ကိုယ်ပိုင် ဆုံးဖြတ်နိုင်တယ်။ ကျုပ်တို့တကိုယ်လုံး လှုပ်ရှားနေတာက ဦးနှောက်နဲ့ လှုပ်ရှားနေကြတာ။ ကျုပ်တို့ လက်ကို မ,လို့ရတယ်ဆိုတာ ကျုပ်ဦးနှောက်က လက် မ,တဲ့ ဟာရှိလို့ လက် မ,လို့ရတာပေါ့။ ကျုပ်တို့ တကယ်လို့များ ဦးနှောက်ထဲမှာ ကျုပ်က ဘာဖြစ်သလဲ၊ လေဖြတ်တယ် ဆိုပြီးတော့ သေသွားယင် ကျုပ်ဦးနှောက် အစိတ်အပိုင်း သေသွားပြီ ဆိုလို့ရှိယင် ကျုပ်လက် မ,ချင် မ,လို့ရပါ့မလား။ (မရပါဘူးဘုရား)။ မရဘူး။ ကျုပ်ခြေထောက်ကြွချင်တယ် ဆိုယင်ကော ကြွလို့ရပါ့မလား။ (မရပါဘူးဘုရား)။ မရဘူးနော်။ အဲဒီတော့ ဆိုလိုတာက ဦးနှောက်နဲ့လုပ်ရတာ၊ အကုန်လုံး လူလုပ်သမျှဟာတွေက လူ့ဦးနှောက်နဲ့ လုပ်ရတာ။ လူ့ဦးနှောက်ထဲ မရှိသေးယင် လုပ်လို့မရဘူး။

ဥပမာတခု၊ခင်ဗျားတို့ မြင်ကြည့်လိုက်ကြ။ ကျုပ်တို့ တခါမှ ဘီးကို ခွမစီးဖူးဘူး။ ငယ်ငယ်ကတည်းက စက်ဘီးကို မစီးဖူးဘူး ဆိုတော့နော် အခုနေ စက်ဘီးစီးကြည့်စမ်း။ ကျုပ် လဲမှာ,ကွဲမှာဗျနော်။ ဘာပြုလို့လဲဆိုတော့ယင် ကျုပ်ခေါင်းထဲမှာ စက်ဘီးစီးတတ်တဲ့ဦးနှောက်

မရှိသေးလို့ပဲဗျ။ ဟုတ်ပြီနော်။ အသက်တရာ နေရယင် နေရပစေ၊ မလေ့ကျင့်ယင် ရှိပါ့မလား။ (မရှိပါဘုရား)။ မရှိဘူးနော်။ အဲဒီတော့နော် စက်ဘီးစီးတတ်တဲ့ဦးနှောက် ရှိလာတဲ့လူတွေဖြစ်တဲ့ ခင်ဗျားတို့ကတော့ စက်ဘီးစီးရတာက အလွယ်လေးပေါ့။ မော်တော်ကားမောင်းတတ်တဲ့ ဦးနှောက် ရှိနေပြီးသားလူကတော့ မော်တော်ကား တက်မောင်းလိုက်၊ အလွယ်လေးပေါ့။

မော်တော်ကားမောင်းတတ်တဲ့ဦးနှောက် မရှိသေးတဲ့သူကတော့ မော်တော်ကား တက်မောင်းကြည့်လိုက် ဘာဖြစ်မလဲ။ တိုက်မိကုန်မှာနော်။ အဲဒီလိုပဲ ဦးနှောက်ရှိမှဗျ၊ ဟုတ်ပြီနော်။ အဲဒီလို ဦးနှောက်ရှိမှ လူဟာလည်းပဲ ကိုယ်ကိုယ်တိုင် အမြင်ကလေးနဲ့ ဆုံးဖြတ်တတ်တဲ့ ဦးနှောက်က လွတ်လပ်တဲ့လူမှ ရတာဗျ။ မလွတ်လပ်တဲ့လူမှာ အဲဒီလို ဦးနှောက်မျိုး ရပါ့မလား။ (မရပါဘုရား)။ မရဘူး။ မရယင်ကတော့ အဲဒီလိုမျိုးရှော့တိုက်ပြီး ဟိုလိုလုပ်-ဒီလိုလုပ်နဲ့ လုပ်နေရမှာပဲဗျ။

အဲဒီတော့ဟာ ခင်ဗျားတို့ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတွေ လွတ်လပ်ချင်ကြပါ။ လွတ်လပ်အောင်အတွက်ပေးတဲ့ အချက်အလက် ကလေးတွေလည်းပဲ ခု-ကျုပ်ပြောခဲ့တဲ့ အချက်အလက်တွေကို အကုန်စီတန်းပြီးတော့ မပြောပြတတ်ပေမယ့်လည်း သိနေမှာပါ။ အာရုံတွေကို ဒို့-သိဖို့လိုသတဲ့။ ကိလေသာတွေကိုလည်း ဒို့-သိဖို့လိုသတဲ့။ ကံတွေကို လည်း ဒို့-သိဖို့လိုသတဲ့။ ဝိပါက်တွေလည်း ဒို့-သိဖို့လိုသတဲ့။ အမယ်လေး ဒို့သိဖို့လိုတဲ့ဟာတွေကလည်း များလိုက်တာလို့ အဲဒီလိုတော့ မအောက်မေ့လိုက်ကြနဲ့နော်။ တကယ်တော့ ဒါလေးတွေက ကိုယ့်

ထမင်းစား ရေသောက်လိုပဲ ရှိနေတာပါဗျာ-နော်။ အဲဒီတော့ သံသရာတွေကလည်း ကာမသံသရာ၊ ရူပသံသရာ၊ အရူပသံသရာတွေကို ဒို့-သိဖို့လိုသတဲ့။ ဩော်-သတ္တဝါတွေကိုလည်း ကာမသတ္တဝါ၊ ရူပသတ္တဝါ၊ အရူပသတ္တဝါလို့ ဒို့-သိဖို့ လိုသတဲ့ ဆိုတော့ ဒို့-သိဖို့လိုသတဲ့လို့ ဆိုတဲ့ဟာတွေက များလွန်းနေတယ်လို့ မအောက်မေ့ကြနဲ့ဗျာ။ လွယ်လွယ်လေးပဲ။ သင်ကြားသာ သင်ကြားလိုက်ရ သေချာပေါက်သိတယ်လို့ ပြောကြစို့။

ကျုပ်တို့ သာသနာတော်ကြီးမှာ ဘယ်သူမှ ဒီလိုမသင်ကြားကြဘူးဗျ။ ဘယ်သူကမှကို မသင်ကြားကြဘူး။ ခင်ဗျားတို့ ကြားဖူးကြလား။ (မကြားဖူးဘူးနော်)။ ကျုပ်တို့နဲ့စပ်တဲ့ သူတွေကပဲ သင်ကြားပေးနေကြတာဗျနော်။ ကျုပ်တို့နဲ့စပ်သူက လွဲယင် ကာမသတ္တဝါ၊ရူပသတ္တဝါ၊အရူပသတ္တဝါ၊ ကာမဝိပါက်၊ရူပဝိပါက်၊အရူပဝိပါက်၊ ကာမကံ၊ရူပကံ၊အရူပကံ၊ အဲ-ကာမကိလေသာ၊ရူပကိလေသာ၊အရူပကိလေသာ၊ ကာမအာရုံ၊ရူပအာရုံ၊အရူပအာရုံနဲ့ သင်ကြားတာ ဘယ်သူ့ဆီကများကြားဖူးလဲ။ (မကြားဖူးပါဘူးဘုရား)။ ဘယ်သူ့ဆီကမှ မကြားဖူးဘူး။

အဲဒီတော့ ဒါတွေကို မသိဘဲနဲ့ဖြင့် ဒီလူက လွတ်လပ်ပါ့မလားဗျာ။ (မလွတ်လပ်ပါ ဘုရား)။ မလွတ်လပ်တဲ့သူကတော့ ခုနင်ကပြောသလို သူ့ခေါင်းထဲမှာ သူ့လွတ်လပ်တဲ့ဦးနှောက်မှ မရှိသေးတာ။ လွတ်လပ်တဲ့ဦးနှောက် မရှိသေးတော့ သူက ဘာလုပ်မလဲဆိုယင် ဒါတော့ ငါ မကြိုက်ဘူးကွာ၊ မလုပ်ဘူး။ ငါမကြိုက်လို့ မလုပ်ချင်ဘူး ဆိုတာကိုက သူ့မှာ လွတ်လပ်တဲ့ဦးနှောက် မရှိလို့ဘဲ။ ငါဆိုတာ သူမဟုတ်ဘူး

နော်။ တကယ်ကျတော့ သူ့ပူးနေတဲ့အကောင် ကိုယ်စားပြုပြီးတော့ ငါ-လို့ ပြောတာ၊ ဒါတော့ ငါကြိုက်တယ်ဗျာ၊ ဒါတော့ ငါလုပ်ချင်တယ်၊ ဒါလုပ်ချင်တယ်ဆိုတာကလည်း ပြောမယ်ဆိုယင်တော့ သူကလုပ်ချင်တာ မဟုတ်ဘူး၊ သူ့ပူးနေတဲ့အကောင်က လုပ်ချင်တာ။

လွတ်လပ်ချင်ကြပါ

တကယ်တော့ "ငါလုပ်ချင်တယ်-ငါမလုပ်ချင်ဘူး" မလာစမ်းပါနဲ့။ လုပ်သင့်တဲ့ဟာကို လုပ်ရမယ်၊ မလုပ်သင့်တဲ့ဟာကို မလုပ်ရဘူး။ မလုပ်ဘဲ နေရမယ်။ လုပ်သင့်တာနဲ့ မလုပ်သင့်တာကို လူကမှ သိပါမယ်။ ဘာအကောင်ပလောင်မှ မပူးနေမှ အဲဒါသိမှာ။ အဲဒီလိုမျိုးလို သိလို့ရှိယင်ကတော့ လုပ်သင့်တာတွေကို လုပ်မိနေပြီ။ မလုပ်သင့်တာတွေကို မလုပ်မိဘူး။ လုပ်ချင်လို့ လုပ်တယ်၊ မလုပ်ချင်လို့ မလုပ်ဘူးလို့ ဆိုတာတွေမျိုး မဟုတ်ဘူးလို့ဆိုယင် ဒီသူကတော့ အကုန်လုံးကို အချိုးကျပြီးသကာလ တကယ့်ကို အောင်မြင်ပေါက်ရောက်နေပြီလို့ ပြောထိုက်သလား၊ မပြောထိုက်ဘူးလား။ (ပြောထိုက်ပါတယ်ဘုရား)။ အဲဒီတော့ အဲဒီလိုမျိုးလို အောင်မြင်ပေါက်ရောက်နေတဲ့ အနေအထားကို ရောက်အောင် ခင်ဗျားတို့က လွတ်လပ်ချင်ကြပါ။ ဒီလိုလေး ပြောရမှာပေါ့နော်။

အဲဒီလိုမျိုးလို လွတ်လပ်ချင်တယ်ဆိုယင်လည်းပဲ မလွတ်လပ်တာကို ခင်ဗျားတို့သိအောင် လုပ်ကြပါ။ မလွတ်လပ်တာကို သိလို့ရှိယင် ကြောက်စရာပါပဲ၊ ဒုက္ခပါပဲ။ အဲဒီ သံသရာဒုက္ခဆိုတာ ဘယ်သူတွေလဲ လို့ ဆိုလို့ရှိယင် ကာမကံတွေ၊ရူပကံတွေ၊အရူပကံတွေ။ ကာမဝိပါက်တွေ၊ရူပဝိပါက်တွေ၊အရူပဝိပါက်တွေ၊ ကာမကိလေသာ၊ ရူပ ကိလေ

သာ၊အရှုပကိလေသာတွေ။ ကာမသံသရာ၊ရူပသံသရာ၊ အရူပသံသရာ
တွေ။ ကာမသတ္တဝါ၊ရူပသတ္တဝါ၊အရူပသတ္တဝါတွေ။ ဒါတွေ အပူးခံ
နေရတဲ့လူဟာ အကြေးအညှော်တွေ၊ ကြေးတွေမှ မစင်သေးတာဘဲ၊
မဖြူသေးတာဘဲ၊ မဝင်းပသေးတာဘဲလို့ ဒီလိုပြောရမယ်။

အဲဒီလိုသူကို အဲဒီလို ခုနင်ကတုန်းက ကံကြေးညှော်၊ သံသရာ
ကြေးညှော်၊ သတ္တဝါကြေးညှော် သူ့အပေါ်မှာ ရှိနေသေးတယ်ဆိုယင်
ဒီလူ စင်ကြယ်တဲ့သူ ဟုတ်မလား၊မဟုတ်ဘူးလား။ (မဟုတ်ပါဘုရား)။
မစင်ကြယ်သေးတဲ့သူက ဒါ-အရိယာလို့ ဒီလိုပြောလို့ ဖြစ်ပါ့မလားဗျာ။
(မဖြစ်ပါဘူး)။ တကယ်တော့ အရိယာဆိုတဲ့စကားက စင်ကြယ်သူလို့
အဓိပ္ပာယ်ရပါတယ်။ သန့်ရှင်းသူလို့ အဓိပ္ပာယ်ရပါတယ်။ ဖြူဖွေးသူလို့
အဓိပ္ပာယ်ရပါတယ်။

ဒီလိုဆိုယင် လွတ်လပ်တဲ့လူဖြစ်ယင် စင်ကြယ်သူဖြစ်ပြီလား၊
မဖြစ်ဘူးလား။ (ဖြစ်ပါပြီဘုရား)။ ကဲ-ဒီလိုဆိုယင် လွတ်လပ်တဲ့သူ
ဖြစ်ဖို့အတွက် စင်ကြယ်ဖို့လိုသလား၊မလိုဘူးလား။ (လိုပါတယ်ဘုရား)။
စင်ကြယ်ဖို့လိုတယ်ဆိုယင် မစင်ကြယ်တဲ့ကြေးညှော်တွေကို ကျုပ်တို့
သိဖို့ လိုသလား၊မလိုဘူးလား။ (လိုပါတယ်ဘုရား)။

ကျုပ်တို့မွေးလာတဲ့ ကလေးလေးတွေကို အမှိုက်ထဲသရိုက်ထဲ
ဆော့။ တခါတည်း ပျော်ပြီးနေတယ်ဆိုယင် အကြေးအညှော်တွေတက်၊
ပေကျံကုန်မယ်။ ဒါဆိုလို့ရှိယင် မိဘလုပ်တဲ့သူက "ဟ-ငါ့သား၊ မင့်
ကြေးညှော်တွေ တက်နေပြီ၊ အဲဒါတွေက ပိုးတွေဘာတွေပါလာလို့ရှိယင်
ရောဂါတွေဘာတွေ ဖြစ်တော့မှာပဲ" ဆိုပြီး မအေလုပ်တဲ့သူက ကျုပ်တို့

ရေချိုးပေးရတယ်။ ဘာလို့ ရေချိုးပေးရတုန်းဆို ကြေးညှော်တွေ ပြောင်
အောင်လို့မဟုတ်လား။ ကြေးညှော်တွေ သန့်စင်သွားဖို့အတွက် ရေချိုး
ပေးတာနော်။ အခုလည်းပဲ ကျုပ်တို့က လွတ်လပ်ချင်ကြပြီနော်။ လွတ်
လပ်ချင်တယ်ဆိုယင် ကျုပ်တို့ကိုယ်ပေါ်မှာတက်နေတဲ့ ကံကြေးညှော်
တွေ၊ သတ္တဝါကြေးညှော်တွေ၊ သံသရာကြေးညှော်တွေ၊ ကိလေသာ
ကြေးညှော်တွေ သန့်စင်ဖို့အတွက် ကျုပ်တို့ လိုအပ်သလား- မလိုအပ်ဘူး
လား။ (လိုအပ်ပါတယ်ဘုရား)။

အေး-ဒါလေးသိပြီး ခင်ဗျားတို့တတွေ လွတ်လပ်တဲ့သူဖြစ်ဖို့
ကိုယ့်ကိုကိုယ်ရောက်အောင် ချီတက်နိုင်ကြပါစေ။ ရောက်အောင် ချီ
တက်နိုင်ဖို့အတွက်လည်း စိတ်ထားနိုင်ကြပါစေ။ အဲဒီလို စိတ်ထားတဲ့
အတိုင်းလည်းပဲ အာရုံတွေ၊ အဲ-ကိလေသာတွေ၊ ကံတွေ၊ ဝိပါက်တွေ၊
ဟုတ်ပြီနော်။ သံသရာတွေ၊ သတ္တဝါတွေကို လေ့လာနိုင်ကြပါစေ။
လေ့လာနိုင်ပြီးသကာလ လွတ်လပ်တဲ့အဖြစ်ကို ကိုယ်စီကိုယ်င ရောက်ရှိ
နိုင်ကြပါစေလို့ ကျုပ်တို့က ဆန္ဒပြုပြီးသကာလ ခင်ဗျားတို့ကို ဆု
အဖြစ်နဲ့ ပေးလိုက်ပါတယ်ဗျာ။

ဒါလေးနဲ့ ဝမ်းသာကြတယ်ဆိုယင် ဝမ်းသာတာကိုဖော်ပြတဲ့
အထိမ်းအမှတ်အဖြစ်နဲ့ (၃)ကြိမ်လောက် သာဓုခေါ်ပြီး သကာလ
ကျုပ်တို့ပြောဆိုချက်ကို နိဂုံးချုပ်ကြရအောင်ဗျာ။

(သာဓု....သာဓု....သာဓု)

မှတ်တမ်းတင်သူ - ဦးခင်မောင်အေး
အမှတ်(၉၄၇၊ အရှေ့ရွှေပြည်သာလမ်း၊ ၆/အရှေ့၊
သာကေတ၊ (၁၅-၁-၂၀၀၇)